မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၇)

တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွား မြန်မာ့ ဇွဲ၊ သတ္တိ ကမ္ဘာကသိအောင်ပြသနိုင်

ကျွဲကူး–ကျောက်ဖျာတံတားကဲ့သို့ ပေ ၁၀၀၀ နှင့်အထက် တံတားကြီး ၃၇ စင်း အပါအဝင် တံတားကြီးစာရင်းဝင် တံတားပေါင်း ၁၆၃ စင်းကို ပြည်ထောင်စုအတွင်း၌ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ ဤကဲ့သို့ မြစ်ကူးချောင်းကူးတံတားများကို မိမိတို့၏ မြန်မာအင်ဂျင်နီယာအတတ်ပညာရှင်များ၏ စွမ်းအားဖြင့်သာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မည်သည့်ပြည်ပ ချေးငွေ၊ထောက်ပံ့ငွေစသည့် အကူအညီများမပါဘဲ ကိုယ့်အားကိုယ်ကိုး ဖန်တီးတည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်ဖြင့် သုံးသပ်တင်ပြရမည်ဆိုလျှင် ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အရင်းအနှီးများဖြင့် ယခုကဲ့သို့ ခံ့ခံ့ညားညား အဆင့်အတန်းရှိသည့်တံတားများ တည်ဆောက်နိုင်မှုအပေါ် မိမိတို့တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားရမှာဖြစ်သည်။ မြန်မာလူမျိုးတို့၏ ဇွဲ၊ သတ္တိနှင့် ကြံ့ခိုင်ဖန်ရည်ကို ကမ္ဘာကသိအောင် ပြသနိုင်ခြင်းဖြစ်သည့်အတွက် အင်မတန်ကြည်နူးဝမ်းမြောက်ပီတိ ဖြစ်ကြရသည်မှာ အမှန်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွဲကူး–ကျောက်ဖျာတံတားဖွင့်ပွဲအခမ်းအနားတက်ရောက်ချီးမြှင့် ဒေသခံပြည်သူအင်အား တစ်သိန်းငါးသောင်းကျော် တစ်ခဲနက်စည်ကားသိုက်မြိုက်စွာတက်ရောက် ပေ ၃၆၀၀ ကျော်ရှိ ကျွဲကူး–ကျောက်ဖျာတံတားကြီးသည် တနင်္သာရီတိုင်း၏ အရှည်ဆုံးတံတားကြီးဖြစ် နိုင်ငံတော်၊ပြည်သူနှင့်တပ်မတော်ညီညီညွတ်ညွတ်ကြိုးပမ်းသည်နှင့်အမျှ တစ်နိုင်ငံလုံးဖွံ့ ဖြိုးတိုးတက်လာမည်

ရန်ကုန် အောက်တိုဘာ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွဲကူး-ကျောက်ဖျာတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူ တစ်သိန်းငါးသောင်းကျော်အား နှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း မြိတ်မြို့ ကျောက်ဖျာမြစ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက် ပြီးစီးသွားသည့် ကျွဲကူး–ကျောက်ဖျာတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တံတားကြီးအနီး ကျွဲကူးဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡



ကျွဲကူး–ကျောက်ဖျာတံတား

ကျွဲကူး– ကျောက်ဖျာတံတားသည် မြိတ်-ထားဝယ်ကားလမ်းပေါ်၌တည်ရှိပြီး တံတားအရှည်မှာ ၃၆၁၂ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီရှိသည့် လူသွားလမ်းတို့ ပါရှိသည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီး ဖန်တီးနေသည့် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံကဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

စစ်ဘေးအန္တရာယ်ကင်းရှင်းပပျောက်စေရန်၊ တရားမျှတပြီး အပြည်ပြည်ဆိုင်ရာဥပဒေနှင့်လည်း ကိုက်ညီသည့် ငြိမ်းချမ်းရေးအခွန့်ရှည်စေရန်နှင့် ကြီးငယ်မဟူနိုင်ငံတိုင်း၏ တန်းတူရည်တူရှိခွင့်ကို လေးစားကြရန်အတွက် စုပေါင်းသန္နိဋ္ဌာန်ချမှတ်၍ ၁၉၄၅ခုနှစ်တွင် ကုလသမဂ္ဂကို အဖွဲ့ဝင်နိုင်ငံပေါင်း ၅၁နိုင်ငံနှင့် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါအဖွဲ့ဝင် နိုင်ငံပေါင်း၁၉၁နိုင်ငံအထိရှိလာပြီ ဖြစ်သည်။

ကုလသမဂ္ဂသည် လူသားများ၏အကျိုးစီးပွားကိုဖော်ဆောင်ရန်ချမှတ်ထားသည့်ရည်မှန်းချက်များ အောင်မြင်ရန်အတွက် အဖွဲ့ကြီးစတင်တည်ထောင်သည်မှစ၍ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နယ်ပယ်များစွာ၌ သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိသကဲ့သို့ အောင်မြင်မှုရရှိရန် အလှမ်းကွာဝေးနေသေးသည့် နယ်ပယ်များလည်း ရှိနေဆဲဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အောက်တိုဘာလ၂၄ရက်နေ့တွင်ကျရောက်သော (၅၈)နှစ်မြောက် ကုလသမဂ္ဂ နေ့ အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင်—

“ကမ္ဘာ့နိုင်ငံခေါင်းဆောင်များသည် ကူးပြောင်းရောက်ရှိလာသော ထောင်စုနှစ်ဦးကို ကုလသမဂ္ဂ ထောင်စုနှစ်ကြေညာစာတမ်းချမှတ်ခြင်းဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။ ၎င်းကြေညာစာတမ်း၌ ရာစုနှစ်သစ်တွင် လူသားတစ်ရပ်လုံး အောင်မြင်တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် ကတိကဝတ်ပြုမှုများပါရှိပါသည်။ ယင်းကဲ့သို့ကတိကဝတ်ပြုခဲ့သည့်နယ်ပယ်များအနက် ငြိမ်းချမ်း ရေးနှင့်လုံခြုံရေးသည် ဦးစားပေးဆောင်ရွက်ရမည့်နယ်ပယ် ဖြစ်ပါသည်။ ထောင်စုနှစ်သစ်သို့ ကူးပြောင်း ဝင်ရောက်လာသည်နှင့်အမျှ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးနယ်ပယ်၌ စိန်ခေါ်မှုများစွာ ရင်ဆိုင်လာရပြီ ဖြစ်ပါသည်”

ဟုဖော်ပြပါရှိသည်။

ထောင်စုနှစ်ကြေညာစာတမ်းတွင် နိုင်ငံတကာနှင့်အမျိုးသားရေးကိစ္စရပ်များ၌ တရားဥပဒေစိုးမိုးမှုရှိရေး၊ နိုင်ငံတကာ အကြမ်းဖက်မှု တားဆီးရေး၊ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဖြေရှင်းရေး၊နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ လက်နက်ကိုင်ပဋိပက္ခများအတွက် အဖြေရှာရေးနှင့်လက်နက်ဖျက်သိမ်းရေးအစရှိသည့် ကိစ္စရပ်များသည် လက်ရှိရာစုနှစ်အတွင်း အကောင်အထည်ဖော်ရမည့် ရည်မှန်းချက်များဖြစ်သည်။

အခြားဦးစားပေးဆောင်ရွက်ရမည့်နယ်ပယ်များမှာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး တို့ ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု သိသိသာသာလျော့ပါးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်မှာအခြေခံတောင့်တင်းပြီး တာရှည်ခံသည့် စီးပွားရေးတိုးတက်မှုရှိရန် လိုအပ်သည်။ ဆင်းရဲနွမ်းပါးလွန်းမှု ပပျောက်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည့် နယ်ပယ်အချို့ကို ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်၌ အလေးအနက် ဖော်ပြထားသည်။ ၎င်းရည်မှန်းချက်၌ ဖွံ့ဖြိုးမှုအကူအညီ တိုးမြှင့်ပေးရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်များအတွက် ဈေးကွက်ဖွင့်လှစ်ပေးရေး အစရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကတိကဝတ်ပြုမှုများလည်း ပါဝင်သည်။

ထောင်စုနှစ်ရည်မှန်းချက်ပါ ကတိကဝတ်ပြုမှုများအား အကောင်အထည်ဖော်ဆောင်ရာ၌ နိုင်ငံအသီးသီး အနေဖြင့် လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လည်းကောင်း၊ နိုင်ငံတကာအနေဖြင့် လည်းကောင်းအဆင့်ဆင့်၌ ပြည့်ပြည့်စုံစုံ၊ စုစုစည်းစည်းနှင့် ဟန်ချက်ညီညီ ညှိနှိုင်းဆောင်ရွက်သွားကြရန် အရေးကြီးပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးတစ်ရပ်ကို ဖန်တီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အပြည့်အဝဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့်နိုင်ငံတော်သမ္မတရုံးဝန်ထမ်းမိသားစုများ (၁၃)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

အလယ်တောရစ်ပြစာသင်တိုက်ကြီးတွင် ပုရိမဝါကပ်တော်မူခဲ့ကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ဝန်ထမ်းမိသားစုများက (၁၃)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အလယ်တောရစ်ပြစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကမာရွတ်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့မှ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များ၊ ပင့်သံဃာတော်များ၊ အလယ်တောရစ်ပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသနှင့် ကျောင်းတိုက်ရှိ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့်နိုင်ငံတော်သမ္မတရုံးတို့မှ ဝန်ထမ်းမိသားစုများ ၏ (၁၃)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက အလယ်တောရစ်ပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသက ကထိန်အနုမောဒနာ တရားတော်နှင့် ရေစက်ချတရားတော်တို့ကို ဟောကြား ချီးမြှင့်တော်မူရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အလှူမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကထိန်လျာသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအုပ်စု၊ ပျဉ်ထောင်ကျောင်း ကျေးရွာ၊ တောင်ပို့ကြီးမိသားစု၏ ပထမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပျဉ်ထောင်ကျောင်းကျေးရွာ စိတ္တသုခကျောင်းတိုက်ရှိ ဆရာတော် ဘဒ္ဒန္တ ဝိမလအမှူးပြုသော ဝါဆို ဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ကထိန်လျာ သင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၁၀-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ ကျင်းသာရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice In Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၀ ၆။ အကပဒေသာ
- ၁၇:၂၅ ၇။ မြန်မာ့ရိုးရာ တောခလေ့ ကျေးလက်တေးသံများ
- ၁၇:၃၅ ၈။ ကြံခိုင်ကျန်းမာပြည်မြန်မာ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၀။ နတ်ပန်းချီအလှ ဇော်ဝတီ မြစ်ကူး မကွေးတံတား
- ၁၈:၁၅ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success In Soccer
- ၁၉:၁၀ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၂၅ ၁၆။ သာဓါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၄၀ ၁၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ၂၀၀၃ ခုနှစ်ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မေတ္တာဟူသည်”** (အပိုင်း-၃)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကျင်းပမည့် Marketing Service Businesses ခေါင်းစဉ်ဖြင့် Seminarကိုဒေါက်တာ ဒေါ်ခင်စန်းရီ(ပါမောက္ခ စီမံခန့်ခွဲမှု ပညာဌာန ရန်ကုန် စီးပွားရေး တက္ကသိုလ်)က နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် MICT Park (Conference Hall)၌ ဟောပြောမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင် အသင်းဝင်များနှင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် Seminar တက်ရောက်သူများသည် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကရင်ပြည်နယ် ဘားအံမြို့၌ တည်ဆောက်ဖွင့်လှစ်မည့် အစိုးရနည်းပညာ ကောလိပ်(ဘားအံ) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘားအံခရိုင် မဲဘောင်–နောင်လုံချောင်းဒေသ ရေလွှမ်းကွင်းများ စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်မှုနှင့် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မွန်ပြည်နယ် သထုံစက်ရုံ နယ်မြေရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ဒေသဖွံ့ဖြိုးမှု

ယင်းနောက် မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ဖွဲ့စည်းပုံ၊ စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ နည်းပညာနှင့် စက်မှုအကူအညီရယူခြင်း၊ ရင်းနှီးမြှုပ်နှံမှု၊ သထုံတာယာစက်ရုံတွင်လက်ရှိထုတ်လုပ်နေသောတာယာများ၊ ဈေးကွက်လိုအပ်ချက်အရ တိုးတက်ထုတ်လုပ်နိုင်မှု၊ ယခုအခါ စက်ရုံမှ လူစီးယာဉ်တာယာ၊ အပေါ့စား ထရပ်ကားတာယာ၊ အကြီးစား ထရပ်ကားတာယာ၊ စက်မှုလယ်ယာသုံးယာဉ် တာယာနှင့် စက်ဘီးတာယာများ ထုတ်လုပ်နေမှု၊ အနာဂတ်တွင် ဈေးကွက်လိုအပ်ချက်အရ Bias Tyre အပြင် Radial Tyre များ တိုးချဲ့ထုတ်လုပ်ရန်စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တိုးမြှင့်ထုတ်လုပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံသုံး၊ လယ်ယာကဏ္ဍသုံး၊ လုပ်ငန်းသုံးနှင့် ပုဂ္ဂလိကအသုံးပြုသည့် ယာဉ်အမျိုးအစားများတိုးတက်များပြားလာသလို တာယာအမျိုးမျိုးသုံးစွဲမှုလည်း တိုးပွားလာမည်ဖြစ်ကြောင်း။

တာယာလိုအပ်ချက် အမျိုးမျိုးကို ပြည့်တင်း၍ပင် တိုးတက်ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စနစ်တကျ စီမံချက်များချမှတ်ပြီး တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ကာ ပြည်ပသွင်းကုန် အစားထိုး စက်မှုလုပ်ငန်းကြီးတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာအောင် တိုးမြှင့်ထုတ်လုပ်သွားလိုကြောင်း။

စက်ရုံ၏ ကုန်ကြမ်းလိုအပ်ချက်အတွက်လည်း ကိုယ်ပိုင်ရော်ဘာ စိုက်ခင်းများ ထူထောင်ရေး စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်၍ တာယာထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံက ထုတ်လုပ်ထားသော မော်တော်ကား တာယာအမျိုးမျိုး၊ လယ်ထွန်စက် တာယာနှင့် စက်ဘီးတာယာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှ တစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ်ဘားအံမြို့သို့ ရောက်ရှိကြရာ အမှတ်(၂၂) ခြေမြန်တပ်မ ဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ငွေသိန်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ် တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများ၊ ယုဇနဆောက်လုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဘားအံတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြားပို့ချနေသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားကျောင်းသူဦးရေ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး အင်အား၊ ကွန်ပျူတာ ၆၅ လုံး အသုံးပြုပြီး IT Roomsများဖွင့်လှစ်သင်ကြားပေးနေမှု အပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ယင်းနောက်ယုဇနဆောက်လုပ်ရေး အဖွဲ့ဥက္ကဋ္ဌဦးဌေးမြင့်က ဘားအံတက္ကသိုလ်၏ အဆောက်အအုံများ အကွက်ချပုံစံ၊ အဆောက်အအုံများ၏ ဗိသုကာပုံစံ၊ သုံးထပ်ပင်မဆောင်နှင့် နှစ်ထပ်စာသင်ဆောင်၊ Block(A)နှင့် Block(B)တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေ၊ ရေရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးက တက္ကသိုလ်အဝင်လမ်း တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်က ဘားအံတက္ကသိုလ်ရေရရှိရေး၊စိမ်းလန်းစိုပြည်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘားအံတက္ကသိုလ်ကို ပြည်နယ်၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ ထူးခြားထည်ဝါခံ့ညား

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စစ်ကြောင့်ပျက်စီးနေသည့်အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အချုပ်အခြာအာဏာ ပြန်လည်ရရှိရန်အရေးကြီး

ပါရီ အောက်တိုဘာ ၂၅

အီရတ်အချုပ်အခြာအာဏာ ပြန်ရရေးသည် စစ်ကြောင့်ယိုယွင်းနေသော အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် လွန်စွာအရေးကြီးကြောင်း၊ သို့သော် ယခုအခါတွင် ပြင်သစ်အစိုးရအနေဖြင့် ထပ်မံအကူအညီပေးရန် အစီအစဉ် မရှိကြောင်းဖြင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒိုမိနစ်ဒီဗီလီပင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ငွေရေးကြေးရေး အကူအညီ သို့မဟုတ်စစ်ရေးပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဤအဆင့်တွင်မိမိတို့ကနောက်ထပ်ကူညီပံ့ပိုးရန် အစီအစဉ်မရှိကြောင်းဖြင့် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကြာသပတေးနေ့စတင်သည့် အီရတ်နိုင်ငံအား ကူညီမည့်အလှူရှင်နိုင်ငံများ၏ နှစ်ရက်ကြာအစည်းအဝေးအကြိုတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကသတင်းထောက်များအားပြောကြားလိုက်သည်။ ၅၉ နိုင်ငံမှ တာဝန်ရှိသူများသည်အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ကူညီရေးအတွက် မက်ဒရစ်မြို့တွင် ကြာသပတေးနေ့နှင့် သောကြာနေ့တွင် တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။

၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ဒေါ်လာ ၃၆ ဘီလီယံခန့် လိုမည်ဟု ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂတို့က ခန့်မှန်းထားကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်ကို ဆန့်ကျင်ခုခံတိုက်ခိုက်မှုပြင်းထန် ဈေးဆိုင်များကို အမေရိကန်တပ်များအတင်းဝင်စီး

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

အီရတ်နိုင်ငံအနောက်ပိုင်း ဘဂ္ဂဒက်မှ ကီလိုမီတာ ၅၀ အကွာရှိ ဖော်လူဂျာမြို့ကို အမေရိကန်စစ်ယာဉ်တန်းတစ်ခု ဖြတ်မောင်းသွားစဉ် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ကြောင်း၊ ထိခိုက်သေဆုံးမှုမှာ သဲသဲကွဲကွဲမသိရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ယာဉ်တစ်စီးပျက်စီးပြီး တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများကပြောဆိုသည်။ ထိုနောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် အနီးရှိဈေးဆိုင်များကို အတင်းဝင်ရောက်စီးနင်းကြပြီး မသင်္ကာဖွယ်လူအချို့ကို ဖမ်းဆီးသွားကြောင်းသိရသည်။

အိုစမာဘင်လာဒင်ထံမှ ဟုဆိုသော တိပ်ခွေနှစ်ခုကို ကာတာအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက လွှင့်ခဲ့သည့် စနေနေ့၌ ထုတ်လွှင့်ခဲ့ပြီးချိန်မှစ၍ အမေရိကန် ဆန့်ကျင်ခုခံရေးတိုက်ခိုက်မှုများ ပြင်းထန်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အောက်တိုဘာ ၂၅ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် အမာရာမြို့၌ ရဲတပ်ဖွဲ့ အကြီးအကဲ ဟာမစ်ဒ်ဟာဒီဟတ်ဆန်၏ ဈာပနအခမ်းအနားတွင် အီရတ်ရဲတပ်ဖွဲ့ဝင်များက သေနတ်များကို ဝှေ့ယမ်းကာ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်တို့အားအာဏာပြန်လည်လွှဲပြောင်းရေး အမေရိကန်ဝန်လေးနေမှု ပြင်သစ်နိုင်ငံက ပြစ်တင်ရှုတ်ချ

မက်ဒရစ် အောက်တိုဘာ ၂၅

သုံးနိုင်ငံအဖွဲ့ကို ဦးဆောင်ခဲ့သော ပြင်သစ်နိုင်ငံသည် အီရတ်လူမျိုးများအား အာဏာလွှဲအပ်ရေးအတွက် တိကျသောအချိန်ဇယားသတ်မှတ်ရန် အမေရိကန်ပြည်ထောင်စုက ဝန်လေးနေခြင်းကို သောကြာနေ့က ပြစ်တင်ရှုတ်ချလိုက်သည်။

အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ဆင်နွှဲခဲ့သည့် စစ်ပွဲကို ပြင်သစ်နှင့်အတူ လက်တွဲပြီး ဆန့်ကျင်ခဲ့သော ဂျာမနီနှင့် ရုရှားနိုင်ငံတို့ကလည်း အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် နောက်ထပ် အပိုငွေကြေးပံ့ပိုးမည်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။

အဆိုပါသုံးနိုင်ငံစလုံးသည် ကုလသမဂ္ဂ၏ ထိန်းချုပ်မှုအောက်တွင်နိုင်ငံစုံတပ်ဖွဲ့ထူထောင်သည့်ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်ကို ထောက်ခံရန်သာ လွှန်ခဲ့သည့်အပတ်က သဘောတူခဲ့ကြသည်။

ထိုသုံးနိုင်ငံသည် သိမ်းပိုက်မှု အဆုံးသတ်ရေးနှင့် အီရတ်တို့၏ အချုပ်အခြာ အာဏာပိုင်သည့် အစိုးရအဖွဲ့သို့ အသွင်ကူးပြောင်းမှုကိုစောင့်ကြပ်ရာတွင် ကုလသမဂ္ဂအား ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍ ပေးရေးအတွက် တိကျ ရှင်းလင်းသော လမ်းကြောင်းကို ဖော်ဆောင်သော ဆုံးဖြတ်ချက်တစ်ရပ် ရရှိအောင် ကြိုးပမ်းပြီး နည်းလမ်းများ ရှာဖွေခဲ့ကြသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်ပြန်လည်တည်ဆောက်ရေးရန်ပုံငွေရှာ ခန့်မှန်းသည်ထက်များစွာလျော့နည်းပြီးရရှိ

မက်ဒရစ် အောက်တိုဘာ ၂၅

မက်ဒရစ်တွင် ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၇၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးဆိုင်ရာ ရန်ပုံငွေရှာဖွေရေးညီလာခံသည် ပြန်လည်ထူထောင်ရေးအတွက် အမှန်တကယ် ကုန်ကျနိုင်သော ကုန်ကျစရိတ်များကို ကြိုတင်ခန့်မှန်းထားသည်ထက် အတော်များများ လျော့နည်းရရှိခဲ့သည်။

အမေရိကန်နိုင်ငံက ဘီလီယံ ၂၀ထောက်ပံ့ကူညီမည်ဟု ကတိပေးမှုသည် အများဆုံးရရှိသည့် ပမာဏဖြစ်သည်။ သို့ရာတွင် ကတိပေးမှုနှင့် တကယ်တမ်းငွေကြေးထုတ်ပေးမှုသည် အလွန်တရာကွာခြားသည်ဟုဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ နိုင်ငံတကာအလှူရှင်များ ညီလာခံ၌ ကတိပြုသည်ထက် ထက်ဝက်ခန့်သာရရှိခြင်းကို တွေ့ရှိခဲ့ရသည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ငွေကြေးအကူအညီပေးအပ်ဖို့ ကတိပြုကြသလို နိုင်ငံအချို့က အခြားကဏ္ဍများမှ ကူညီဖို့ ကတိပြုကြသော်လည်း မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာဟု ဆိုသည်။**(စီအင်န်အင်န်)**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်သစ် ငါးနိုင်ငံ ကုလအထွေထွေညီလာခံကရွေးချယ်

ကုလသမဂ္ဂ အောက်တိုဘာ ၂၄

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အဖွဲ့ဝင်သစ်ငါးနိုင်ငံအဖြစ် အယ်ဂျီးရီးယား၊ ဘီနင်၊ ဘရာဇီး၊ ဖိလစ်ပိုင်နှင့် ရိုမေးနီးယားနိုင်ငံတို့အား ကုလသမဂ္ဂ အထွေထွေညီလာခံက ကြာသပတေးနေ့က ရွေးချယ်တင်မြှောက်လိုက်သည်။

အဆိုပါလုံခြုံရေးကောင်စီအဖွဲ့ဝင်သစ်ငါးနိုင်ငံသည်လာမည့်နှစ် နှစ်ဆန်းပိုင်းတွင် စတင်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း။

ယခင်လုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘူဂေးရီးယား၊ ကင်မရွန်း၊ဂီနီ၊မက္ကဆီကိုနှင့်ဆီးရီးယားတို့၏နေရာကို ဆက်ယူကြရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်သစ်နိုင်ငံများသည် ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများအဖြစ် ၂၀၀၅ ခုနှစ်ကုန်အထိ ထမ်းရွက်ကြရမည် ဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်နိုင်ငံများသည် နှစ်နှစ်စီ တာဝန် ထမ်းဆောင်ကြရကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ဗြိတိသျှနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင်သုံးပုံတစ်ပုံ ကျည်ကာအင်္ကျီမရှိဟုဆို

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

အမေရိကန်က အီရတ်နိုင်ငံကို ကျူးကျော် တိုက်ခိုက်ခဲ့ရာတွင် အဆင့်မြင့်ခေတ်မီလက်နက်ကိရိယာများကို အသုံးပြုခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အခြေခံအဓိကလိုအပ်ချက်ဖြစ်သည့် ကျည်ကာအင်္ကျီများကိုအပြည့်အဝအလုံအလောက်မပေးနိုင်ကြောင်း အမေရိကန်တပ်ဖွဲ့များက ပြောကြားသည်။ ၎င်းကျည်ကာအင်္ကျီများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၀ သန်းကိုအမေရိကန်လွှတ်တော်က အတည်ပြုခဲ့သည်မှာ ခြောက်လကြာခဲ့ပြီး အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်မှ ခုနစ်လ ကြာသည်အထိ အီရတ်နိုင်ငံရှိ အမေရိကန် တပ်ဖွဲ့ဝင် သုံးပုံတစ်ပုံမှာ ကျည်ကာအင်္ကျီများ မရရှိသေးကြောင်း သိရသည်။

(စီအင်န်အင်န်)

အောက်တိုဘာ ၂၅ ရက်က တီကရစ်မြို့၌ အမေရိကန် စစ်ရဟတ်ယာဉ်တစ်စီး ပစ်ချခံရ၍ ပျက်ကျပြီးနောက် မီးလောင်ကျွမ်းနေသည်ကို အခြားရဟတ်ယာဉ်က စောင့်ကြည့်နေစဉ်။

(ယင်းရဟတ်ယာဉ်ပျက်ကျမှုကြောင့် အနည်းဆုံး တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရသွားပြီး အသေးစိတ်ကို ချက်ချင်းမသိရသေးဟုဆိုသည်) (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် ကိုဖီအာနန် တောင်းဆိုမှု မက်ဒရစ်ညီလာခံကိုယ်စားလှယ်များတုံ့ပြန်သော်လည်းလိုသလောက်မရ

မက်ဒရစ် အောက်တိုဘာ ၂၅

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင်ကူညီရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ တောင်းဆိုမှုကို မက်ဒရစ်မြို့တွင် ကျင်းပခဲ့သောညီလာခံတက်ရောက်လာခဲ့သည့် ကိုယ်စားလှယ်များက တုံ့ပြန်ခဲ့ကြသော်လည်း ရရှိခဲ့သောငွေကြေးအကူအညီသည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်မည်ဟုခန့်မှန်းထားသည့် ငွေပမာဏရရှိရန် အလွန်ဝေးသေးကြောင်း သိရှိရသည်။

စစ်ပွဲကြောင့် ပျက်စီးယိုယွင်းနေသော အီရတ်နိုင်ငံသို့ ပထမနှစ်အတွင်း၌ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဆိုသည်မှာ မဖြစ်နိုင်သေးကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေး ဝန်ထုပ်ဝန်ပိုးကို အခြားနိုင်ငံများသို့ ခွဲဝေပေးရန် မက်ဒရစ်မြို့၌ ဆောင်ရွက်ခဲ့သည်။ ညီလာခံကျင်းပသည့် မက်ဒရစ်မြို့တွင် အီရတ်နိုင်ငံကို တိုက်ခိုက် သိမ်းပိုက်ထားမှုအတွက် ဆန္ဒပြသူ တစ်ထောင်ခန့်က ဆန္ဒပြခဲ့ကြကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

အမေရိကန်ထောက်လှမ်းရေးအစီရင်ခံစာ၌ ထိမ်ချန်ထားသောအချက်များ အထက်လွှတ်တော်စုံစမ်းထောက်လှမ်းရေးကော်မတီဖော်ထုတ်မည်ဆို

ဝါရှင်တန် အောက်တိုဘာ ၂၅

အီရတ်နိုင်ငံကို အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်သည့်စစ်ပွဲ တရားမျှတမှုရှိကြောင်း အကြောင်းပြစရာဖြစ်သည့် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်ထောက်လှမ်းရေးသတင်းများကို ဝါရှင်တန်မြို့ရှိ အမေရိကန်အထက်လွှတ်တော်စစ်ဆေးရေးအဖွဲ့က စနစ်တကျ စစ်ဆေးလျက်ရှိကြောင်းနှင့် ၎င်းထောက်လှမ်းရေးသတင်းများသည် အမှားအယွင်းဖြစ်အောင် ဖန်တီးထားခြင်းလားဆိုသည်ကို စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းကိစ္စကြောင့်အမေရိကန်ထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်ဂျော့ချ်တဲနင့်ကိုယ်တိုင်လည်း အခက်အခဲ ကြုံတွေ့နေရပြီး အထက်လွှတ်တော် စုံစမ်းထောက်လှမ်း ရေးကော်မတီက အီရတ်စစ်ပွဲမဖြစ်ပွားမီ ၎င်းနိုင်ငံနှင့်ဆိုင်သော အမေရိကန် စုံစမ်းထောက်လှမ်းရေး အစီရင်ခံစာ၌ မဖော်ပြဘဲ ထိမ်ချန်ထားသည့် အချက်အလက်များကို ဖော်ထုတ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

အမေရိကန် အထက်လွှတ်တော် အမတ်များက အီရတ်စစ်ပွဲမဖြစ်ပွားမီက အီရတ်နိုင်ငံအပေါ် အမေရိကန်တို့၏ထောက်လှမ်းရေးသတင်းအသုံးချဆောင်ရွက်မှုများကို ပိုမိုအကျယ်ချဲ့ စုံစမ်းစစ်ဆေးပေးရန် လိုလားနေကြောင်း ပြောကြားကြသည်။

အမေရိကန်ဒုတိယသမ္မတဒစ်ချေနီသည် အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီသို့ အီရတ်စစ်ပွဲမဖြစ်ပွားမီက တစ်ကြိမ်ထက်မနည်း လာရောက်ခဲ့ပြီး လေ့လာသုံးသပ်သူများနှင့် တိုက်ရိုက်တွေ့ဆုံကာ နောက်ဆုံးရရှိထားသော ထောက်လှမ်းရေးသတင်း အသစ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

အမေရိကန် ထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင် ဂျော့ချ်တဲနင့်သည် ယခုကိစ္စများနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ၏ယုံကြည်အားထားမှုနည်းပါးခြင်းကို ခံနေရပြီဖြစ်သော်လည်း ၎င်းအနေဖြင့် စိုးရိမ်ပူပန်မှာ မဟုတ်ဟုဆိုသည်။

(စီအင်န်အင်န်)

အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်ရန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား နေရပ်သို့ ပြန်ရုပ်သိမ်းရန် အောက်တိုဘာ ၂၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ နိုင်ငံအနှံ့အပြားမှ စုရုံးရောက်ရှိလာသော ကန့်ကွက်ဆန္ဒပြ သူများက တောင်းဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

စစ်ပြီးကာလ၌ကြုံတွေ့ရမည့်ပြဿနာများအပေါ် ကြိုတင်လေ့လာသော်လည်း အလေးမထားခဲ့

ဝါရှင်တန် အောက်တိုဘာ ၂၅

အမေရိကန်တို့သည် အီရတ်သိမ်းပိုက်ရေးစစ်ပွဲဆင်နွှဲပြီးနောက်ပိုင်း ကြုံတွေ့လာနိုင်သည့် ပြဿနာများနှင့် ပတ်သက်၍ တစ်နှစ်ကြာအချိန်ယူပြီး ကြိုတင်လေ့လာခဲ့ကြသည်။

အခက်အခဲများကို ရှာဖွေစူးစမ်းထားခဲ့ကြသည် ဆိုသော အချက်ကို အစိုးရဌာနမှတ်တမ်းများ၊ ကွန်ဂရက်အမတ်များနှင့် အုပ်ချုပ်ရေးပိုင်းမှ အရာရှိများနှင့် တွေ့ဆုံမေးမြန်းချက်များမှ သိရှိရသည်ဟု ဆိုသည်။

အမေရိကန်အစိုးရသည် ၂၀၀၂ ခုနှစ် ဧပြီလကစတင်ပြီး အီရတ်လူမျိုး ၂၀၀ ကျော်ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ထိုအဖွဲ့ကို ၁၇ ဖွဲ့ခွဲပြီး အီရတ်တွင် ကြုံတွေ့လာနိုင်သည့် ပြဿနာများကို ကြိုတင်လေ့လာပြီး ခန့်မှန်းချက်များထုတ်ပြန်စေခဲ့သည်။ထိုကြိုတင်လေ့လာထားသော ပြဿနာများတွင် အီရတ်၏ တရားရေးစနစ် အသစ်တစ်ခုထူထောင်ရေး၊ စစ်တပ်ပြန်လည်ဖွဲ့စည်းရေးစသည်များမှသည် စီးပွားရေးကိစ္စများ ပြန်လည်ဖွဲ့စည်းရေးအထိ ပါဝင်ခဲ့သည်။

အထက်ပါကြိုတင်လေ့လာမှုများကို ပြုလုပ်ရာ၌ အမေရိကန်ဒေါ်လာ ၎ါးသန်းကုန်ကျခဲ့သည်။ အမေရိကန်ကာကွယ်ရေးဌာန ပင်တဂွန်သည် အီရတ်နှင့် ပတ်သက်၍ တွေ့ရှိချက်များအားလုံးကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်နေသည်ဟု ပြောကြားနေကြသော်လည်း လက်တွေ့တွင် ကြိုတင်ခန့်မှန်း ဖော်ထုတ်ရရှိထားသော ကိစ္စရပ်များကို အလေးမထားခဲ့ဟု အမေရိကန်အရာရှိအတော်များများက ထောက်ပြကြသည်။

မကြာသေးမီအချိန်ကမှ ပင်တဂွန်စစ်ဌာနချုပ်သည် အဆိုပါလေ့လာချက်များကို ဂရုပြုလာကြသည်။ ယခုအခါတွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စသည် အီရတ် တည်ငြိမ်ရေးဆောင်ရွက်နိုင်မှုအပေါ်တွင် များစွာမှီခိုနေရပြီဖြစ်သည်။ **(အင်တာနက်)**

ဆန္ဒပြ

အောက်တိုဘာ ၂၅ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ စစ်ဆန့်ကျင်သူများက အီရတ်နိုင်ငံအား အမေရိကန် ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်ကန့်ကွက် ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့မှ နာမကျန်းသူများ၊ ဒဏ်ရာရသူများနှင့်အရန်တပ်သားများကို ဖို့တ်စတီးဝပ်၌ထားရှိမှု လက်ခံနိုင်ဖွယ်မရှိဟုအမတ်နှစ်ဦးပြစ်တင်ပြောဆို

ဝါရှင်တန် အောက်တိုဘာ ၂၅

ဂျော်ဂျီယာပြည်နယ် ဖို့တ်စတီးဝပ်၌ နာမကျန်းသူတပ်ဖွဲ့ဝင်များ၊ ဒဏ်ရာရအမျိုးသားအစောင့်တပ်သားများနှင့် အရန်တပ်သားများ ၆၀၀ ခန့်ကို ထားရှိသော အခြေအနေမှာ လက်ခံနိုင်ဖွယ်ရာမရှိကြောင်း အမေရိကန်အထက်လွှတ်တော်အမတ်နှစ်ဦးက သောကြာနေ့၌ ပြစ်တင်ပြောကြားကြသည်။ ၎င်းတို့သည် တာဝန်ပြန်ထမ်းဆောင်နိုင်ကြသူများအဖြစ် အကဲဖြတ်ခံထားရသူများ ဖြစ်သည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် ဆေးဝါးကုသမှု သို့မဟုတ် ကျန်းမာရေး အကဲဖြတ်မှုကို မှန်မှန်ကန်ကန်ရရှိခြင်းမရှိကြောင်း ရီပတ်ဘလစ်ကင်အမတ် ခရစ္စတိုဖာဘွန်နှင့် ဒီမိုကရက်အမတ် ပက်ထရစ်လီဟေးဆိုသူတို့က ပြောကြားသည်။

ဖော်ပြပါတပ်ဖွဲ့ဝင်များကို ထားရှိသော စစ်တန်းလျားများမှာ တစ်နှစ်လေ့ကျင့်သင်တန်းအတွက်ဖြစ်စ်ပြီး နာမကျန်းသော သို့မဟုတ် ဒဏ်ရာရသော တပ်ဖွဲ့ဝင်များနှင့် မသင့်လျော်ဟု ဆိုသည်။

အဆိုးဆုံး စစ်တန်းလျားများမှာ ၁၉၅၀ ပြည့်နှစ်များက ဆောက်ခဲ့သော ပုံစံရှိသည့် စစ်တန်းလျားများဖြစ်ကြပြီး ကွန်ကရစ်အုတ်မြစ်စစ်တန်းလျားများဖြစ်ကာ လေအေးစက်မရှိ၊ ရေချိုးခန်း၊ အိမ်သာနှင့် ရေပန်းများ မရှိဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

စီအိုင်အေဆောင်ရွက်ချက်ကိုဝေဖန်သည့်အစီရင်ခံစာ ထောက်လှမ်းရေးဆိုင်ရာကော်မတီထုတ်ပြန်ရန်ပြင်ဆင်နေ

ဝါရှင်တန် အောက်တိုဘာ ၂၅

ဆက်ဒမ်ဟူစိန်နှင့် လက်နက်များကိစ္စရပ်တွင် စီအိုင်အေ၏ ဆောင်ရွက်ချက်များအပေါ် ဝေဖန်ထားသော အစီရင်ခံစာတစ်စောင်ကို ထောက်လှမ်းရေးဆိုင်ရာ ကော်မတီတစ်ရပ်က ထုတ်ပြန်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကော်မတီသည် လူပေါင်း ၁၀၀ ကျော် ကို တွေ့ဆုံမေးမြန်းခဲ့ပြီး ကန့်သတ် ထားသော စာရွက်စာတန်းများကို လေ့လာပြီးနောက် အပြီးသတ်သုံးသပ်ခဲ့ကြောင်း ယမန်နေ့က ထုတ်ဝေခဲ့သည့်ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

အခြေအနေအရ လတ်တလောဖြစ်ပွားနေသည့် အငြင်းပွားဖွယ်ရာ သတင်းအချက်အလက်များကို အခြေခံထားကြောင်းကို စစ်ဆေးတွေ့ ရှိခဲ့ရသည့်အတွက် ကော်မတီသည် အလွန်တရာ အံ့အားသင့်ခဲ့ရကြောင်းလည်း ထိုသတင်းစာတွင် ဖော်ပြထားသည်။ ပြီးခဲ့သောနှစ် အောက်တိုဘာလက ဒီမိုကရက်အမတ်များက လွှတ်တော်တွင် အီရတ်နိုင်ငံအပေါ် စစ်ပွဲဆင်နွှဲခွင့် တောင်းဆိုရာ၌ အဆိုပါ ထောက်လှမ်းရေးအချက်များကို အသုံးပြုခဲ့ကြောင်း သိရသည်။

(စီစီတီဗွီ)

အီရတ်ရေနံဝန်ထမ်းတစ်ဦးအားဖမ်းဆီးသဖြင့် ဆန္ဒပြ

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်ရေနံဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးကို ၎င်း၏ အိတ်အား အနံ့ခံခွေးများဖြင့် ရှာဖွေခွင့်ပြုရန် ငြင်းဆန်ခဲ့သည်ဟုဆိုပြီး အမေရိကန်တပ်ဖွဲ့ဝင်များက လက်ထိပ်ခတ်ကာ ဖမ်းဆီးထားမှုဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့တွင် လူပေါင်းရာနှင့်ချီကာ ဆန္ဒပြခဲ့ကြသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

အခြားဝန်ထမ်းတစ်ဦးကလည်း ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး အထိမခံနိုင်သည့် အခြေအနေများကို ထောက်ပြသည်။

ထို့အပြင် ဆန္ဒပြနေမှုကို သတင်းရိုက်ကူးနေသည့် သတင်းထောက်အချို့၏ ကင်မရာများကို အမေရိကန်တပ်ဖွဲ့ဝင်များက သိမ်းဆည်းခဲ့ကြောင်းနှင့် ယခုကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့က ဝေဖန်ချက်တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၄၅ ဦးရှိပြီ ၂၂၁ ဦးမှာ ခုခံတိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးခြင်းဖြစ်

ဝါရှင်တန် အောက်တိုဘာ ၂၅

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆိုးလ်မြို့မှာ အမေရိကန်တပ်ဖွဲ့ဝင်များကို လက်နက်ငယ်များနှင့်တိုက်ခိုက်မှုတစ်ရပ်မနေ့ကဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်းနှင့် ၎င်းသည် အမှတ်(၁၀၁)လေကြောင်းချီတပ်မှဖြစ်ကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်မှ ပြောကြားခဲ့သည်။

စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်ကီလိုမီတာ ၆၀ အကွာရှိ အမေရိကန်အခြေစိုက်စခန်းတစ်ခုကို စိန်ပြောင်းနှင့်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးဒဏ်ရာရရှိခဲ့ပြီး၊ သုံးဦးမှာ ဒဏ်ရာ ပြင်းထန်ကြောင်း သိရှိရသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့် လွန်ခဲ့သောမတ်လကတည်းက အီရတ်နိုင်ငံ၌ သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ယခုအခါ ၃၄၅ ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့ထဲမှ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၂၂၁ ဦးသည် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဆန့်ကျင်ဆန္ဒပြ

ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ အာနိုးရှဝါဇ(ဝဲ)နှင့် အမေရိကန် သမ္မတဂျော့ဒဗလျူဘုရှ်တို့၏ပုံတူ မျက်နှာဖုံးများကိုစွပ်၍ အောက်တိုဘာ ၂၅ရက်က ဘယ်လ်ဂျီယံနိုင်ငံ နေတိုးစစ်ဌာနချုပ်ရှေ့၌ ဆန့်ကျင်ဆန္ဒပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျရောက် အမေရိကန်သမ္မတဘုရှ်ကို လူထုလှောင်ပြောင်ဆန္ဒပြ ပိုစတာများတွင် မကောင်းဆိုးရွားဘုရှ်၏ လိမ်ညာသောအီရတ်စစ်ပွဲဟု ရေးသားထား

ဩစတြေးလျ အောက်တိုဘာ ၂၅

ဩစတြေးလျနိုင်ငံ ပါလီမန်တွင် မိန့်ခွန်းပြောကြားရန် ရောက်လာမည့် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်ကို ကန့်ကွက်ဆန္ဒပြရန် ဩစတြေးလျ လူထုရာပေါင်းများစွာတို့သည် ပါလီမန်ရှေ့၌ စောင့်ဆိုင်းနေကြသည်။ လူများ၏ လက်ထဲတွင် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို ဆန့်ကျင်ရှုတ်ချသည့် ပိုစတာများ ကိုင်ဆောင်ထားကြသည်။

ပိုစတာများပေါ်တွင် **"မကောင်းဆိုးရွားဘုရှ်၊ လိမ်ညာဆင်နွှဲသောစစ်ပွဲ"**စသည်ဖြင့် ရေးသားထားကြသည်။ ဆန္ဒပြနေသူများ၏ အနီးအနားတွင် ပုလိပ်များကစောင့်ကြပ်လျက်ရှိသည်။

သမ္မတဘုရှ်၏ ပုံတူရုပ်ပြောင်က ရှေ့ကသွားပြီး နောက်ပါးမှ လိုက်ပါလာသော အရုပ်များကို သယ်လာကြသောအခါ ဆန္ဒပြသူများက လက်ခုတ်သြဘာပေးပြီး လှောင်ပြောင်အော်ဟစ်ခဲ့ကြသည်။

ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် သမ္မတဘုရှ်၏ အီရတ်စစ်ပွဲဆင်နွှဲသည့်ကိစ္စကို လိုလိုလားလား ထောက်ခံသူဖြစ်သည်။

ဩစတြေးလျ ပါလီမန်အမတ်များက လွှတ်တော်တွင် အမေရိကန်သမ္မတဘုရှ် မိန့်ခွန်းပြောကြားသောအခါ နားမထောင်ဘဲ ကျောပေး၍ နေကြမည်ဟု ခြိမ်းခြောက်ခဲ့ကြသည်။ ဆိုင်မွန်ကရင်သည် ဩစတြေးလျရှိ အတိုက်အခံပါတီ၏ ခေါင်းဆောင်ဖြစ်သည်။ အတိုက်အခံလေဘာပါတီ၏ ခေါင်းဆောင်က ဘုရှ်ကို လေးစားသမှုဖြင့် ဆက်ဆံရန် မှာကြားထားသော်လည်း လေဘာအမတ် ၄၁ဦးတို့က ဘုရှ်ထံသို့ ကန့်ကွက်စာပေးရန် စီစဉ်နေကြသည်ဟု ဆိုသည်။

အမေရိကန်သမ္မတ ဘုရှ်မိန့်ခွန်းပြောသည်ကို လာရောက်ကြည့်ရှုမည့်သူများထဲတွင် မဟာဟာဘဗ်စ်လည်း ရှိနေမည်ဖြစ်သည်။ သူမ၏ခင်ပွန်း မမ်ဒိုဟာဘဗ်စ်မှာ ပါကစ္စတန်နိုင်ငံတွင် ဖမ်းဆီးခံရပြီး အမေရိကန်တို့ လက်တွင်ထိန်းသိမ်းထားသည်မှာ နှစ်နှစ်ရှိသွားပြီဖြစ်သည်။ လောလောဆယ်တွင်ဟာဘဗ်စ်ကို အမေရိကန်တို့ ဖွင့်လှစ်ထားသည့် ဂွမ်တာနာမိုအကျဉ်းစခန်းကြီးတွင် အကျည်းချထားပြီး ယခုတိုင်အောင် ရုံးတင်စစ်ဆေးခြင်း မရှိသေးဟု ဆိုသည်။

မဟာဟာဘဗ်စ်ကလည်း သူမ၏ခင်ပွန်း လွတ်မြောက်ရေးအတွက် လက်ရေးဖြင့် ရေးသားထားသည့် စာတစ်စောင်ကို သမ္မတဘုရှ်ထံပေးရန် စီစဉ်ထားသည်ဟု ဆိုသည်။ အမေရိကန်တို့ ဖမ်းဆီးထားသောဩစတြေးလျ နိုင်ငံသားနှစ်ဦးအနက် မမ်ဒိုဟာဘဗ်စ်သည် တစ်ဦး အပါအဝင်ဖြစ်ကြောင်း သတင်းများအရသိရသည်။

(အင်တာနက်)

အမေရိကန်တပ်များ နေရပ်သို့ ပြန်သင့်

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန အိုးပင်းနီဖိုရမ်အစီအစဉ်သို့ ဆက်လက်ပေးပို့လျက်ရှိကြရာ ကင်ညာနိုင်ငံမှ ရှုမြင်သုံးသပ်သူတစ်ဦးရေးသားပေးပို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံမှာ အကြောင်းမဲ့ သေဆုံးနေကြရခြင်းကို မိမိအနေနှင့် များစွာစိုးရိမ်ပူပန် စိတ်မကောင်းဖြစ်ရကြောင်း၊ အမေရိကန်သမ္မတဘုရှ်သည် ၎င်း၏လုပ်ရပ်အတွက် အမြင်မှန်ရပြီး အီရတ်ကို လွတ်လပ်ခွင့်ပေးထားခြင်းဖြင့် အီရတ်လူမျိုးများလည်း မိမိတို့၏ ကိုယ်ပိုင်နိုင်ငံကို ပြန်လည်ထူထောင်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အရေးကြီးနေချိန်၌ ကုလသမဂ္ဂကလည်း ပါဝင်ဆောင်ရွက်ရမည်ဟု မိမိယုံကြည်ပြီး အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို မိမိတို့၏ နေရပ်အသီးသီးသို့ ပြန်လွှတ်သင့်ပြီဖြစ်ကြောင်း ဖော်ပြထားသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြောက်ဘက်၌ အမေရိကန်တပ်ဖွဲ့ဝင်၁၃ဦး စိန်ပြောင်းကျည်ထိမှန်ဒဏ်ရာရ မိုဆိုးလ်မြို့၌ အတိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

ဘဂ္ဂဒက်မြောက်ဘက်တွင် စိန်ပြောင်းကျည်တစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် တပ်ဖွဲ့ဝင်၁၃ဦး ဒဏ်ရာရရှိပြီး အီရတ်မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ယနေ့သေဆုံးသွားကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောသည်။

ထို့ပြင် မျက်မြင်တွေ့ရှိသူများက ဖော်လူဂျာမြို့တွင် တိုက်ခိုက်ရေးသမားများက အမေရိကန်တပ်များကို ရက်များစွာအတွင်း ခြောက်ကြိမ်မြောက် တိုက်ခိုက်ရာ၌ လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲထိမှန်မှုကြောင့် အခြားတပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိကြောင်း ပြောဆိုကြသည်။

သေဆုံးသော တပ်ဖွဲ့ဝင်မှာ အမှတ် (၁၀၁) လေကြောင်းချီတပ်မှဖြစ်ပြီး မိုဆိုးလ်မြို့မြောက်ပိုင်း၌ အာရဇ်မတက်မီ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရပြီး သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုသေဆုံးသော တပ်ဖွဲ့ဝင်နှင့်ဆိုလျှင် မေ ၁ရက်၌ စစ်ပွဲကြီးပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ပြီး ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင် ၁၀၆ ဦး သေဆုံးခဲ့ပြီဖြစ်သည်။

ဘာကူဘာမြို့အနီး၌ အမှတ်(၂) တပ်မဟာမှ ကင်းလှည့်တပ်ဖွဲ့ကို လွန်ခဲ့သည့် ည ၁၀နာရီခန့်က ဒုံးပစ်လောင်ချာများ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်နှစ်ဦးသေဆုံးသွားကြောင်း ခြေမြန်တပ်မက ပြောကြားသည်။

(အင်တာနက်)

အီရတ်သို့ ကုလအမှုထမ်းများပြန်လွှတ်ရေး ကိုဖီအာနန်အလျင်မလို ကုလအမှုထမ်းများကို နှစ်ကြိမ်တိုက်ခိုက်ခဲ့ပြီးနောက် အခြေအနေကိုပြန်စဉ်းစားခဲ့

ကုလသမဂ္ဂ အောက်တိုဘာ ၂၅

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးများကို ဩဂုတ်လ၌ တိုက်ခိုက်မှု မပေါ်ပေါက်မီတွင် လုံခြုံရေးအခြေအနေနှင့် ပတ်သက်၍ လျော့ကျကြောင်းသတင်းများရရှိထားခဲ့ပြီးဖြစ်သဖြင့် ကုလသမဂ္ဂအမှုထမ်းများကို အီရတ်သို့ ပြန်လွှတ်ရေးကိစ္စအား မိမိအလျင်မလိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကသောကြာနေ့၌ ရှင်းရှင်းလင်းလင်း ပြောကြားလိုက်သည်။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးများ၏ လုံခြုံရေးစနစ်လျော့ရဲမှုကြောင့် ဩဂုတ်လ ၁၉ ရက်၌ ဗုံးပေါက်ကွဲမှုတွင် လူများမသေသင့်ဘဲ သေခဲ့ကြရသည်ဟု ပုဂ္ဂလိကအကဲဖြတ်အဖွဲ့၏ စာမျက်နှာ ၄၀ ရှိသော စုံစမ်းစစ်ဆေးချက်၌ ဖော်ပြထားသည်။ ဩဂုတ် ၁၉ ရက်ကဗုံးပေါက်ကွဲမှု၌ လူ ၂၂ ဦး သေဆုံးခဲ့ရသည်။ အီရတ်ရဲတစ်ဦး သေဆုံးခဲ့ရသော စက်တင်ဘာ ၂၂ ရက်၌ ကုလသမဂ္ဂရုံးချုပ်တွင် ဒုတိယမြောက် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ကိုဖီအာနန်သည် အီရတ်၌ ကူညီထောက်ပံ့ရေးအရာရှိများကိုသာ အဓိကထားပြီး အမှုထမ်း ၁၅ ဦးမှ ၂၀အထိသာ ထားရစ်ခဲ့သည်။

မိမိတို့အား ဗုံးနှစ်လုံးဖောက်ခွဲတိုက်ခိုက်ခဲ့ချိန်ကစပြီး မိမိတို့၏ ကိုယ်ပိုင် ချဉ်းကပ်ဆောင်ရွက်မှုဖြင့် အီရတ်၌ အမှုထမ်းဦးရေတိုးရေးအတွက် ဆုံးဖြတ်ရာတွင် အကြောင်းအချက်တစ်ခုဖြစ်မည့် အီရတ်၌ မိမိတို့ရှိမှုအနေအထားကို ပြန်စဉ်းစားခဲ့သည်ဟု အာနန်က ပြောဆိုသည်။ မည်သည့် လုံခြုံရေး အမျိုးအစား၊ မည်သည့်အစီအစဉ်၊ မည်သူလုပ်ဆောင်မည်နှင့် မိမိတို့ ကိုယ်တိုင်ဘာလုပ်မည်ဆိုသည်ကို တိတိကျကျ ဖော်ထုတ်သိရှိရန်အတွက် အသွင်လက္ခဏာ အများအပြားလိုနေသေးကြောင်း ကိုဖီအာနန်က ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်သုံးစွဲငွေပမာဏနှင့် တိုးတက်မှုအခြေအနေ စစ်ဆေးခွင့်မပြုသဖြင့် အလှူရှင်နိုင်ငံများမကျေနပ်ကြ

မဒရစ် အောက်တိုဘာ ၂၄

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်တို့သုံးစွဲသော ရန်ပုံငွေပမာဏနှင့် တိုးတက်မှုအခြေအနေကို စစ်ဆေးခွင့်မပြုသည့်အတွက် နိုင်ငံတကာအလှူရှင်နိုင်ငံများက မကျေမနပ်ဖြစ်နေကြသည်။ ထို့ကြောင့် နိုင်ငံတကာအလှူရှင်နိုင်ငံများဆိုင်ရာ ရန်ပုံငွေအဖွဲ့တစ်ရပ် ထူထောင်မည်ဖြစ်ပြီး အီရတ်ရှိ အမေရိကန်အာဏာပိုင်များ၏ ထိန်းချုပ်မှုမှ လွတ်ကင်းပြီးသီးခြားရပ်တည်မည်ဖြစ်သည်။ အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် ရန်ပုံငွေထည့်ဝင်ရန်နိုင်ငံများကို တိုက်တွန်းနေသကဲ့သို့ ကန်ထရိုက်များ ပေးအပ်ရာမှာ မျှတမှုရှိရန်လည်း နိုင်ငံများက တောင်းဆိုနေကြသည်။

အီရတ်နိုင်ငံအတွင်း လိုအပ်ချက်များကို ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့က သုံးသပ်လေ့လာခဲ့ပြီး အလှူရှင်နိုင်ငံများအနေဖြင့်လည်း ၎င်းတို့ထည့်ဝင်သော ငွေကြေးကို မည်သည့်ကဏ္ဍတွင် သုံးစွဲလိုကြောင်း ဖော်ပြခွင့်လည်း ရှိမည်ဖြစ်သည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်ရန်ပုံငွေအဖွဲ့ကို ၂၀၀၇ ခုနှစ်အထိ လည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(စီအင်အင်န်)**

အောက်တိုဘာ ၂၅ရက်က ဘဂ္ဂဒက်မြို့၌ ပြန်လည်ဖွင့်လှစ်သည့်တံတားအနီးတွင် အမေရိကန်စစ်ယာဉ်တစ်စီး လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်လေကြောင်းလိုင်းများ တိုက်ခိုက်ခံရဖွယ်ရှိဟုဆို

ဝါရှင်တန် အောက်တိုဘာ ၂၄

အမေရိကန်နိုင်ငံရှိ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား အကြမ်းဖက်တိုက်ခိုက်မှုများပေါ်ပေါက်လာနိုင်ကြောင်း တရားဝင်သတိပေးချက်များ ထုတ်ပြန်ပြီးနောက်တစ်နေ့တွင် ဆောက်သ်ဝက်စ် လေကြောင်းလိုင်းမှ လေယာဉ်နှစ်စင်းတွင် တားမြစ်ကန့်သတ်ထားသော ပစ္စည်းများ တွေ့ရှိခဲ့ရသည်။

လေယာဉ်နှစ်စင်းသည် ဟူစတန်နှင့် နယူးအော်လင်း၌ ဆိုက်ကပ်ခဲ့ပြီးနောက် သေတ္တာဖြတ်ကိရိယာများ၊ အရောင်ချွတ် ဆေးမှုန့်များ၊ မြေမှုန့်များကို လေယာဉ်အိမ်သာများအတွင်းမှ ပြုပြင်ထိန်းသိမ်းရေးလုပ်သားများက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၆

နှစ်(၅၀)ရွှေရတုတိုင်ခဲ့ပြီ ဖြစ်သော ကရဝိက်သင်္ကန်းတိုက်၏ ဝိနည်းညီ ဆိုက်ပြည့် အသစ်ချုပ်ထားသော သင်္ကန်းများကို ဝယ်ယူလှူဒါန်းလိုကြသော ရဟန်းရှင်လူ ပြည်သူများသည် ဦးမြင့်-ဒေါ်လှမြင့်၊ သမီးမန္တဲ့နွဲ့ရီ၊ ရန်ကုန်ပင်ရင်း အမှတ် ၆၅/၆၇၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဖုန်း-၅၁၁၇၁၄၊ ၅၄၂၆၅၆၊ ရန်ကုန် ဆိုင်ခွဲ အမှတ် ၈၃၊ ဗိုလ်ချုပ်အောင် ဆန်းလမ်း ၄၉လမ်းနှင့်လမ်း၅၀ကြား၊ ပုဇွန်တောင်မြို့နယ်၊ ပြည်မြို့ပင်ရင်း အမှတ် ၅၄၊ ပန်းထိမ်တန်းလမ်းနှင့် အမှတ် ၈၂၂၊ ဗိုလ်ချုပ်လမ်း၊ ပြည်မြို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်းသိရသည်။**(က-ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

လူမှောင်ခိုကုန်ကူးမှု အန္တရာယ် ဝိုင်းဝန်းကာကွယ်

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို၊ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများနှင့် ၃၈၀၅မိုင် ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသောကြောင့် လူကုန်ကူးမှုပြဿနာကိုသာမက ၎င်း၏ဆိုးကျိုးများကိုပါ အလေးထားဂရုပြုလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ အနေဖြင့် လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးနှင့် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် တစ်ဖက်တွင် ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းစကို ဖွင့်ပေးသကဲ့သို့ အခြားတစ်ဖက်တွင်လဲ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဟန့်တားနေသော ဖြစ်ရပ်များကိုနှိမ်နင်းရန်လိုအပ်ပါတယ်။ အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းသည်အမျိုးသမီးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာနှောင့်နှေးစေပါတယ်။ အမျိုးသမီးများနှင့် ကလေးများကို ရောင်းဝယ်ဖောက်ကားမှု၊ သို့မဟုတ် လူမှောင်ခိုပြုမှုသည် အကြမ်းဖက်ခံရခြင်းတစ်မျိုးဖြစ်ပြီး ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြီးမားသောအနှောင့်အယှက်အတားအဆီးကြီး တစ်ခု ဖြစ်နေပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် အမျိုးသမီးထုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူကုန်ကူးမှုကို တားဆီးရေး ဟူသော ၎င်း၏ရည်ရွယ်ချက်များအတိုင်း နိုင်ငံတော်အစိုးရနှင့်အတူတကွ ပူးပေါင်းကာ လူကုန်ကူးမှု တားဆီးခြင်း၊ နှိမ်နင်းခြင်း၊ လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ပေးခြင်းများအား အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါတယ်။

လူကုန်ကူးခြင်း(Trafficking)ဟူသော ပြဿနာဆိုးကြီးသည် မြန်မာ တစ်နိုင်ငံတည်းတွင်သာမက နှစ်ထောင်စုနှစ်ကုန်ပိုင်းခန့်မှစပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေပါတယ်။ ၁၉၉၀ပြည့်နှစ်ရောက်မှသာ နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်လာခြင်းဖြစ်ပါတယ်။ အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်း ဒေသများနှင့် အာရှဒေသတို့တွင် လူများကို ကျေးကျွန်သဖွယ်ပြုခဲ့သည့် ဖြစ်ရပ်များသည် သမိုင်းတွင် သာဓကများစွာရှိခဲ့ပြီး ဖြစ်ပါတယ်။ အာဖရိက နိုင်ငံများမှ လူမည်းများကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့၍ ကျေးကျွန်ပြုလုပ်သည့် စနစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ မတိုင်မီကမှ ပျောက်ကွယ်ခဲ့ခြင်းမှာ အားလုံးသိရှိခဲ့ပြီးဖြစ်ပါတယ်။ လူကုန်ကူးခြင်း၊ သို့မဟုတ် ခေတ်သစ်ကျေးကျွန်စနစ်(Modern form of Slavery)ဟူ၍ ပြန်လည်ရှင်သန်လာသည်မှာ ၁၀နှစ်ကျော်ခန့် ရှိပြီဖြစ်ပါတယ်။ တိမ်ကောသွားပြီဟု ယူဆရသော ကျေးကျွန်စနစ် ပြန်လည်ရှင်သန်လာစေရန် များစွာသော အကြောင်းအရင်းများ တစ်ခုနှင့်တစ်ခု ဆက်နွှယ်ကာ တွန်းအားပေးနေကြောင်း တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အဆောက်အအုံများ ပြောင်းလဲမှုများနှင့် ၎င်းပြောင်းလဲမှုများ၏ လူ့အဖွဲ့အစည်းများပေါ်တွင် အကျိုးသက်ရောက်မှုများ ရှုထောင့်မှနေ၍ သုံးသပ်လေ့လာနိုင်ပါတယ်။ ၁၉၈၀ နှောင်းပိုင်းနှင့် ၁၉၉၀ပြည့် နှစ်ဦးပိုင်းများ၌ ကမ္ဘာ့နိုင်ငံရေးတွင် ကြီးမားသောပြောင်းလဲမှုကြီးများ ဖြစ်ပေါ်လာပါတယ်။ ကမ္ဘာတွင် ဒုတိယကမ္ဘာစစ်ပြီးကာလမှစ၍ ပေါ်ပေါက်လာခဲ့သော အရှေ့အုပ်စုနှင့် အနောက်အုပ်စု၊ အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်တို့သည် ၁၉၈၀ နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲမှုနှင့်အတူ ပြိုလဲသွားခဲ့ပါတယ်။ အကျိုးဆက်အဖြစ်ကတော့ အရင်းရှင်စီးပွားရေးစနစ် လွှမ်းမိုးလာပါတယ်။ တစ်ဖက်တွင် အရင်းရှင်စီးပွားရေးစနစ် တိုးတက်ဖွံ့ဖြိုးလာသလို အခြားတစ်ဖက်တွင်လဲ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် စက်မှုတော်လှန်ရေးကာလက တိုးတက်မှုနှင့်မခြား အရှိန်အဟုန်တို့၍ တိုးတက်လာပါတယ်။ အရှေ့အုပ်စုနှင့်အနောက်အုပ်စုတို့ကို ခြားထားသော သံမဏိကန့်လန့်ကာ(Iron Curtain)ပြိုပျက်မှုကြောင့် အရှေ့အုပ်စုဝင်နိုင်ငံ များနှင့် အနောက်အုပ်စုဝင် နိုင်ငံများအကြား ခြားထားသော အတားအဆီးများလဲ လျော့ကျလာခဲ့ပါတယ်။ တစ်ဆက်တည်းမှာပင် စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် နိုင်ငံများအချင်းချင်း ကူးလူးဆက်ဆံမှုပိုမိုများပြားလာပါတယ်။ စစ်အေးကာလ အခြေအနေမျိုး မဟုတ်တော့ဘဲ အရင်းရှင်စီးပွားရေးစနစ်သည် ပြိုင်ဘက်မရှိ လွှမ်းမိုးလာပါတယ်။ နိုင်ငံများအကြား အတားအဆီးများ လျော့ကျလာခြင်းနှင့် အတွေ့အထိများပြားလာခြင်း ကြောင့် ဆင်းရဲနွမ်းပါးသော နိုင်ငံများ၊ သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၏ လူနေမှုအဆင့်အတန်းများနှင့် စီးပွားရေး တောင့်တင်းခိုင်မာခြင်းမှရရှိသည့် အကျိုးတရားများကို လိုလားတောင့်တလာကြပါတယ်။ အရှေ့အုပ်စုပြိုကွဲပြီးမှ ဖြစ်ပေါ်လာသော နိုင်ငံအသစ်များအနေဖြင့် အုပ်ချုပ်မှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အစမှပြန်လည်ထူထောင်ရ၍ ရပ်တည်ရန် ခက်ခဲသည့် အခြေအနေမျိုး (Vulnerable Situation)တွင် တည်ရှိနေသည်ဟု သုံးသပ်နိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုမညီမျှသော ကြွယ်ဝချမ်းသာမှုကို မျှဝေခံစားမှုမရှိသော အခြေအနေမျိုးများနှင့် ရပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံများ သို့တည်းမဟုတ် နိုင်ငံတစ်ခုတည်းအတွင်းရှိ ကြွယ်ဝသော ဒေသများနှင့်ပတ်သက်သော အကြောင်းအရာများကို လက်လှမ်းမီသိရှိနိုင်ခြင်းတို့သည် မိမိဘဝကိုလက်ရှိအခြေအနေထက်ပို၍ မြင့်မားလိုသူများနှင့် ဘဝသစ်ထူထောင်လိုသူများအတွက် မျှော်လင့်ချက်များပေးနေပါတယ်။ ထိုကဲ့သို့သော အခွင့်အလမ်းများကို ရယူပိုင်ဆိုင်လိုသူများ၊ ၎င်းတို့အားလုံးအတွက် တရားဝင်နည်းလမ်းမှာ အမြဲတစေမရရှိနိုင်ပါ။ ထို့အပြင် ထိုအခွင့်အလမ်းများကို ရယူရန်အတွက် ကြိုးပမ်းရာတွင် မိမိကိုယ်မိမိ ခေါင်းပုံဖြတ်ခြင်းအမျိုးမျိုးတို့မှ ကာကွယ်နိုင်သော နည်းလမ်းများ၊ သတင်းအချက်အလက်များ မရှိကြပေ။ ၎င်းအခြေအနေများသည် နွမ်းပါးသူများ၊ မသိနားမလည်သူများ၊ နွမ်းပါးမှုကို ကျော်လွှားလိုသူများနှင့် လက်ရှိဘဝအတွက် မြင့်မားလိုသူများအပေါ်တွင် အမြတ်ထုတ်လိုသူများအတွက် အခွင့်အရေးဖန်တီးပေးနေသလို ဖြစ်နေပါတယ်။ ဤသို့ဖြင့် တိမ်ကောပပျောက်သွားပြီဟု ယူဆထားသော လူကုန်ကူးခြင်း၊ သို့မဟုတ် ကျေးကျွန်ပြုခြင်းဟူသော အလေ့အထများသည် ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။

လူမှောင်ခိုကုန်ကူးမှုသည် လူသားများအတွက် ကြုံတွေ့ရသောရင်နင့်ဖွယ် ကိစ္စရပ်တစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံမှ ရှုမြင်ကာ ပြည်တွင်းဥပဒေများ၊ အမျိုးသားအဆင့် ဆောင်ရွက်ရန်အစီအစဉ်၊ နိုင်ငံတော် အဆင့်မြင့်အပိုင်းမှ သန္နိဋ္ဌာန်ချမှတ်မှု၊ နှစ်နိုင်ငံချင်း၊ ဒေသတွင်းနှင့် နိုင်ငံအများပူးပေါင်းဆောင်ရွက်မှုများစသည်တို့ အပါအဝင်ဖြစ်သော ပြည့်စုံလုံလောက်သည့် ခိုင်မာသောအခြေခံ

ခင်မြန်မာ

ဆောင်ရွက်ချက်များဖြင့် ဤကိစ္စရပ်ကို အရေးထားဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၂ခုနှစ်အမျိုးသားအဆင့် ဆောင်ရွက်မှုအစီအစဉ်တွင် ကြိုတင်ကာကွယ်ခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ ပြည်တွင်းနှင့် နယ်စပ်ဒေသများ၌ လူမှောင်ခိုကုန်ကူးခြင်းအတွက် လေ့လာအကဲခတ်ခြင်း၊ အမျိုးသားအဆင့်တာဝန်ကျအဖွဲ့များ ဖွဲ့စည်းခြင်း၊ အမျိုးသား အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အစိုးရအရာရှိများအား သင်တန်းပေးခြင်း၊လူမှောင်ခိုခံရသူများအား ပြန်လည်ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ လူမှောင်ခိုကုန်ကူးမှုပြဿနာကို ကိုင်တွယ်ဆောင်ရွက်သော အဓိကကျသည့် အဖွဲ့အစည်းတို့မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီတို့ ဖြစ်ပါတယ်။ ယင်းလုပ်ငန်းကော်မတီနှစ်ရပ်၏လုပ်ငန်းများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ

လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်း	အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း
↓	↓
လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့	မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ
↓	↓
ပြည်နယ်/တိုင်း လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့	ပြည်နယ်/တိုင်း အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ
↓	↓
ခရိုင်/မြို့နယ် လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့	ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ
↓	↓
ရပ်ကွက်/ကျေးရွာ လူမှောင်ခိုကုန်ကူးမှု ကြိုတင် တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့	ရပ်ကွက်/ကျေးရွာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ

လုပ်ငန်းဆောင်ရွက်ပုံ

နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ ↔	မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအဆင့်ဆင့် ↔	**အစိုးရမဟုတ်သောအဖွဲ့အစည်းများ** ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေးအသင်း၊မြန်မာနိုင်ငံ အမျိုးသမီး သမဝါယမအသင်းများ၊ မြန်မာနိုင်ငံ အမျိုးသမီး ဘာသာရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ အမျိုးသမီး လူမှုရေးအသင်းအဖွဲ့များ။
→	အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	←

ကုလသမဂ္ဂ မဲခေါင်ဒေသခွဲအတွင်း လူမှောင်ခိုကုန်ကူးမှု တိုက်ဖျက်ရေး အစီအစဉ် (ယူအင်အိုင်အေပီ)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းခဲ့သော အမျိုးသမီးနှင့်ကလေးများအား မှောင်ခိုကူးမှုတိုက်ဖျက်ရေး နယ်လှည့်အဖွဲ့သည် ပြည်နယ်၊ တိုင်းများသို့ ကွင်းဆင်းသွားရောက်၍ အလတ်တန်းအဆင့်အစိုးရ အရာရှိများအား လူမှောင်ခိုကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းဗျူဟာများ ပို့ချပေးလျက်ရှိပါတယ်။ယူနီဆက်ဖ်၊ ယူအင်န်အိုင်အေပီနှင့် Save the children (UK) တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် ရန်ကုန်တွင် ၂၀၀၃ ခုနှစ် မေလ၌ လူမှောင်ခိုကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါတယ်။ ယင်းဆွေးနွေးပွဲတွင် ပြဿနာအရင်းအမြစ်ကို ရှာဖွေခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်း၊ နည်းဗျူဟာများချမှတ်ခြင်း၊ လူမှောင်ခိုကုန်ကူးမှု ဆိုင်ရာ လက်ရှိပြည်တွင်း ဥပဒေများကိုလေ့လာသုံးသပ်ခြင်းနှင့်အစိုးရအဖွဲ့များ၊နိုင်ငံတကာအဖွဲ့အစည်းများ အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းတို့ကို အလေးပေးဆွေးနွေးခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးသည်၂၀၀၂ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပခဲ့သော ဝန်ကြီးအဆင့်လူမှောင်ခိုကူးမှုဆိုင်ရာအစည်းအဝေး၌ ပါဝင်တက်ရောက်ခဲ့ပြီး အလားတူပင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ၂၀၀၃ခုနှစ် ဘာလီတွင် ကျင်းပသော ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ခဲ့ပါတယ်။ ယင်းဘာလီလုပ်ငန်းစဉ်အောက်မှ ဖွဲ့စည်းထားသော ကျွမ်းကျင်သူများ အဖွဲ့ နှစ်ဖွဲ့၏ အစည်းအဝေးများတွင်လဲ မြန်မာနိုင်ငံက တက်ကြွစွာပါဝင်တက်ရောက်ခဲ့ပါတယ်။ မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား အလုပ်သမားများ ခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို နှစ်နိုင်ငံလက်မှတ်ရေးထိုး၍ ၂၀၀၃ခုနှစ် ဇွန်လမှစတင်အာဏာသက်ဝင် အကောင်အထည်ဖော်လျက်ရှိရာ ဤစာချွန်လွှာသည် လူမှောင်ခိုကုန်ကူးမှု ပြဿနာကိုင်တွယ်ဆောင်ရွက်ရာတွင် အရေးပါသော စာချုပ်တစ်ရပ်ပင် ဖြစ်ပါတယ်။ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသူများအပါအဝင် နိုင်ငံရပ်ခြား၌ ရောက်ရှိနေသော မြန်မာလူမျိုးများအား လုံခြုံစွာနေရပ်သို့ ပြန်လည်ရောက်ရှိရေးကို ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့က ချမှတ်ခဲ့သော အစိုးရ၏ လမ်းညွှန်မှုအရ ထိုင်းနယ်စပ်အနီး မြဝတီတွင် ကြိုဆိုလက်ခံရေး စခန်းကို စတင်ဖွင့်လှစ်ပြီး ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျပြန်လည် ကြိုဆိုလက်ခံလျက်ရှိပါတယ်။

လူမှောင်ခိုကုန်ကူးမှုဟန့်တားကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီမှကွင်းဆင်းလေ့လာရေးအဖွဲ့များသည် မြန်မာနိုင်ငံတစ်ဝန်းလုံး ကွင်းဆင်းသွားရောက်ပြီး ဒေသခံပြည်သူများနှင့် မိသားစုစကားဝိုင်းအသွင် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ လူမှောင်ခို၊ လူပွဲစားများဖော်ထုတ်ဖမ်းဆီးနိုင်ရေး နည်းလမ်းများဆွေးနွေးခြင်း၊ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ အခက်အခဲများကို အကြံကောင်း၊ ဉာဏ်ကောင်းများပေး၍ ဖြေရှင်းခြင်း၊ လိုအပ်မှုများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဖြည့်ဆည်းပေးခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုအဆင့်တွင်လဲ လူမှောင်ခိုကုန်ကူးမှု အန္တရာယ်တွင် မသက်ဆင်းစေရေး၊ ပြည်သူလူထုအား အသိပညာပေးသည့် ဗီဒီယိုဇာတ်လမ်းများ ထုတ်လွှင့်ပြသခြင်း၊ ကြော်ငြာများ ထုတ်လွှင့်ခြင်း၊ လူကုန်ကူးမှု အန္တရာယ်ကြုံတွေ့ပါက ဆက်သွယ်တိုင်ကြားရမည့် လိပ်စာများ၊ ဥပဒေပြစ်ဒဏ်များအား ပြည်သူများသိရှိစေရန် ထုတ်လွှင့်ခြင်း၊ စာအုပ်စာတမ်းများ ပြုစုထုတ်ဝေပြီး အမျိုးသမီးငယ်ရွယ်သူများကို မှန်ကန်သော အသိအမြင်ရရှိရေးအတွက် ပညာပေးရေးအစီအမံများ ဆောင်ရွက်ပေးခြင်း၊ ပြည်နယ်နှင့်တိုင်းအတွင်းရှိ နှစ်သိမ့်ဆွေးနွေးပညာပေးဌာနများ၌ ဆောင်ရွက်နေသူများအား လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၌ နှစ်သိမ့်ဆွေးနွေးပညာပေးဆိုင်ရာ နည်းစနစ်များနှင့် ဗဟုသုတများကို ဆွေးနွေးပို့ချပေးခြင်း၊ သင်တန်းပို့ချပေးသူများမှ မိမိတို့တိုင်းနှင့် ပြည်နယ်အလိုက် ဆွေးနွေးပေးမှုများ ဆက်လက် ဆောင်ရွက်ခြင်း၊ ရေဒီယိုဆွေးနွေးခန်းများနှင့် ကျောင်းတွင်းပညာပေးအစီအစဉ်များ ပြုလုပ်ခြင်းများဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့သို့ တိုင်ကြားစာများနှင့်ပတ်သက်၍ မှန်ကန်မှုရှိမရှိစိစစ်ပြီး မှန်ကန်မှုရှိပါက ထိရောက်သော အရေးယူမှုများဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခိုကုန်ကူးမှုနှင့် ပတ်သက်၍ ၁၈၆၁ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရာဇသတ်ကြီးစာအုပ်တွင် လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ ကျွန်ပြုမှု၊ အနိုင်အထက် ခိုင်းစေမှုများအား ပုဒ်မ ၃၅၉ မှပုဒ်မ ၃၇၄ အထိ ဥပဒေပုဒ်မများ ပြဋ္ဌာန်းထားပြီးထောင်ဒဏ် ခုနစ်နှစ်၊ ၁၀ နှစ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ငွေဒဏ်စသည်ဖြင့် အရေးယူအပြစ်ပေးလျက်ရှိပါတယ်။ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း လူပွဲစား၃၉၀ အား အမှုပေါင်း ၂၀၆မှုဖြင့် ဖော်ထုတ်ပြီး ထိရောက်သော ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ယဉ်ကျေးသော ယနေ့ခေတ်လူ့အဖွဲ့အစည်းအနေဖြင့် ယခင်ကကဲ့သို့ မသိနားမလည်သူများနှင့် ဆင်းရဲနွမ်းပါးသူများအပေါ်တွင် အမြတ်ထုတ်ခေါင်းပုံဖြတ်ခြင်းကို သည်းမခံနိုင်ပါ။ ထို့အတွက်ကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရ ကိုယ်စားပြုမဟုတ်သော အဖွဲ့အစည်းများသည် လူမှောင်ခိုကုန်ကူးမှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် နီးကြားတက်ကြွစွာ ဆောင်ရွက်လာကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လဲ လူမှောင်ခိုကုန်ကူးမှုဟန့်တားကာကွယ်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ စိတ်ရင်းစေတနာကောင်းဖြင့် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကာ လူမှောင်ခိုကုန်ကူးမှုတားဆီးရေး၊ နှိမ်နင်းရေးအတွက် ကွင်းဆင်းရေးအဖွဲ့များဖြင့် မြန်မာနိုင်ငံတစ်ဝန်းသွားရောက်ကာ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မြန်မာနိုင်ငံတွင် လူမှောင်ခိုကုန်ကူးမှုအန္တရာယ် ပပျောက်ချုပ်ငြိမ်းရေးအတွက် ဝိုင်းဝန်းကာကွယ် သွားကြပါလို့ ဆန္ဒပြု တိုက်တွန်းလိုက်ရပါတယ်။ ။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွဲကူး-ကျောက်ဖျာတံတား ဖွင့်ပွဲအခမ်းအနားတွင် တံတားကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✡ *ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးမှ*

ကျွဲကူး-ကျောက်ဖျာတံတား ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြိတ်ခရိုင်နှင့် မြိတ်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့သည့် အင်ဂျင်နီယာမှူးကြီး(စီမံကိန်း) ဦးဘဝမ်းနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ ပရိသတ်အင်အား ၁၅၀၀၀၀ ကျော် စည်ကားစွာတက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွဲကူး-ကျောက်ဖျာတံတား ဖွင့်ပွဲအခမ်းအနားတွင် တံတားကြီးကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း မြိတ်မြို့၌ နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် ကျွဲကူး-ကျောက်ဖျာတံတားဖွင့်ပွဲ အခမ်းအနားသို့ ဒေသခံပြည်သူအင်အား တစ်သိန်းငါးသောင်းကျော် တစ်ခဲနက်စည်ကားသိုက်မြိုက်စွာ တက်ရောက်စဉ်။ (သတင်းစဉ်)



စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကွဲကူး-ကျောက်ဖျာတံတား ဖွင့်ပွဲအခမ်းအနားတွင် မုခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဒေသခံအားလုံးကိုယ်တွေ့

ကွဲကူး-ကျောက်ဖျာတံတား ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ တနင်္သာရီတိုင်းအတွင်း တည်ဆောက်ခဲ့သည့် တံတားကြီးများအနက် ပေ ၃၆၀၀ ကျော်ရှိသည့် ယခု ကွဲကူး-ကျောက်ဖျာတံတားကြီးသည် တနင်္သာရီတိုင်းအတွက် အရှည်ဆုံးတံတားကြီးဖြစ်ကြောင်း၊ ဒုတိယအရှည်ဆုံးတံတားမှာ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့သည့် တနင်္သာရီမြစ်ကူးတံတားဖြစ်ကြောင်း၊ တတိယနှင့် စတုတ္ထ အရှည်ဆုံးတံတားများမှာ လေညာ-မဏ္ဍိုင်တံတားနှင့် ပသောင်းတံတားတို့ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ တောင်ဘက်အစွန်းတွင်ရှိပြီး အခြားပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်သွားလာရာမှာရော တိုင်းနယ်မြေအတွင်းမှာ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်ဆံရာမှာပါ အဓိကအားဖြင့် ရေကြောင်းလမ်းကိုသာ အဓိကအားထားသွားလာနေရသည့် တိုင်းနယ်မြေဖြစ်ခဲ့ကြောင်း၊ လေကြောင်းလမ်းရှိသော်လည်း ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များကိုသာ ခရီးသည်လေယာဉ်ဆင်းသက်နိုင်ပြီး ပြည်သူအများ လုံလုံလောက်လောက် သွားလာအသုံးပြုနိုင်ရန်အတွက် အကန့်အသတ်၊ အခက်အခဲရှိနေခဲ့သည်မှာ အမှန်ဖြစ်ကြောင်း။

တိုင်းအတွင်း မိုးတင်းနေထိုင်သည့် လူဦးရေသည် ၁၄ သိန်းကျော်ခန့်သာရှိပြီး လူဦးရေနှင့် သယံဇာတအချိုးအစား တွက်ဆကြည့်မည်ဆိုလျှင် မြေသယံဇာတ၊ ရေသယံဇာတ၊ သတ္တုသယံဇာတ၊ ရေထွက်ပစ္စည်းသယံဇာတ အခြေအနေများသည် အလျှံအပယ်များပြားကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း၊ သို့ရာတွင် လက်နက်ကိုင်သောင်းကျန်းမှုအန္တရာယ်များနှင့် လမ်းပန်းဆက်သွယ်မှု မပြည့်စုံခြင်းများကြောင့် တနင်္သာရီတိုင်းသည် တိုးတက်နိုင်အားရှိသလောက် မတိုးတက်နိုင်ဖြစ်နေခဲ့သည်မှာ ဒေသခံပြည်သူအားလုံး ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်လာနိုင်သော အလားအလာများကို မြော်မြင်တွက်ဆပြီး လမ်းပန်းဆက်သွယ်မှုမကောင်းခြင်းများ၊ ရေ၊ မြေ၊ သယံဇာတများကို လက်တွေ့ထိထိရောက်ရောက်အသုံးမချနိုင်သည့် အခြေအနေများ စသည့် မဖွံ့ဖြိုးမတိုးတက်စေသည့် အကြောင်းရင်းများကို ဖယ်ရှားကျော်လွှားပြီး တနင်္သာရီတိုင်းဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ပြုပြင်ဖန်တီးပေးသင့်သည်များကို စီမံချက်ချဆောင်ရွက်ရန် လမ်းညွှန်မှုများပြုခဲ့သလို ကိုယ်တိုင်ကိုယ်ကျလည်း အချိန်ရလျှင်ရသကဲ့သို့ ကွင်းဆင်းစစ်ဆေးလေ့လာပြီး ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့တံတားဖွင့်ပွဲအခမ်းအနားကို တက်ရောက်ချီးမြှင့်လျက်ရှိသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်လည်း မကြာခဏ တနင်္သာရီတိုင်းအတွင်း လှည့်လည်သွားရောက်ပြီး ဒေသဆန်ဖူလုံမှုမရှိသေးသည့် တနင်္သာရီတိုင်း၌ ဒေသဆန်ဖူလုံလာစေရေး၊ ဆီအုန်းတိုးချဲ့စိုက်ပျိုးခြင်းဖြင့် တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ အနာဂတ် ဆီအိုးကြီးဖြစ်လာစေရေး၊ နယ်မြေလုံခြုံမှုရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးတို့အတွက် ကိုယ်တိုင်ကိုယ်ကျတွန်းအားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေညာ-မဏ္ဍိုင်တံတားဖွင့်ပွဲအခမ်းအနား၊ ယခု ကွဲကူး-ကျောက်ဖျာတံတားဖွင့်ပွဲအခမ်းအနားတို့ကို ဒုတိယဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်ချီးမြှင့်ခြင်းသည်လည်း တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏အလေးထားမှု၊ စိတ်ဝင်စားမှုနှင့် တန်ဖိုးထားမှုတို့ကို ဖော်ညွှန်းပြဆိုလျက်ရှိနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် တွန်းအားပေးဆောင်ရွက်မှုများကြောင့် ယနေ့ဆိုလျှင် မိုင်ပေါင်း ၄၄၀ ကျော်ရှိသည့် ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးသည် လက်တွေ့ကျကျ ရုပ်လုံးပေါ်လာပြီဖြစ်ကြောင်း၊ တစ်ချိန်တစ်ခါက ပြည်ထောင်စုကြီး၏ တောင်ဘက်စွန်း ကော့သောင်းဒေသမှ ပြည်ထောင်စုကြီး၏ မြောက်ဘက်စွန်း ကချင်ပြည်နယ် ပူတာအိုဒေသအထိ မိုင်ပေါင်း၁၉၀၀ခန့်ကို မော်တော်ကားလမ်းဖြင့် သွားလာရန်ဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်အဖြစ်သာရှိခဲ့ရာမှ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်သားများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ ပေါင်းစုအားထုတ်မှုများကြောင့် ယနေ့ဆိုလျှင် စိတ်ကူးယဉ်အိပ်မက်မဟုတ်တော့ဘဲ တကယ်ပင်သွား၍လာ၍ရနေသည့် လက်တွေ့ဘဝ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မွန်ပြည်နယ်က သံလွင်မြစ်ကူး မော်လမြိုင်တံတားကြီးပြီးသွားမည်ဆိုလျှင် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့သည် တိုက်ရိုက်မြန်မြန်ဆန်ဆန် သွားလာနိုင်ဦးမှာ ဖြစ်ကြောင်း။

ပေါ်လွင်ထင်ရှား

တနင်္သာရီတိုင်းအတွက် အဓိကအရေးပါသည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးတွင် ၁၉၈၈ ခုနှစ်မှစပြီး ဝင်းဝတံတား၊ ပုလောက်တံတား၊ ပုလောတံတား၊ ပသောင်းတံတား၊ တနင်္သာရီတံတား၊ ကွဲကူး-ကျောက်ဖျာတံတားနှင့် လေညာ-မဏ္ဍိုင်တံတား စသည့် တံတားကြီးခုနစ်စင်းကို ခြောက်နှစ်ကာလအတွင်း၌ တစ်စင်းပြီးတစ်စင်း အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ဒေသတစ်ခုနှင့်တစ်ခုအကြား သွားရေးလာရေးသည် မြန်ဆန်လွယ်ကူသွားပြီဖြစ်ကြောင်း၊ သွားမှုလာမှုခက်ခဲနေရသည့် တနင်္သာရီ၊ လေညာ၊ မဏ္ဍိုင်၊ ဘုတ်ပြင်း၊ ဟန်ကပြူ၊ ကရသူရိစသည့် ဒေသများသည် မော်တော်ကားလမ်းကြောင်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယခုထက် မြန်မြန်ဆန်ဆန် လုံခြုံချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် လမ်းသားအပိုင်းကိုလည်း တိုးတက်ကောင်းမွန်အောင် ပြုပြင်သွားကြရဦးမှာဖြစ်သော်လည်း လမ်းတစ်လျှောက်လုံး၌ လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းမကြီးကို တည်ဆောက်ရာတွင် လမ်းဖောက်လုပ်မှုလုပ်ငန်းက လက်ဝင်သကဲ့သို့ အသုံးပြုမည့် စက်ယန္တရားများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို သက်ဆိုင်ရာလုပ်ငန်းခွင်သို့ရောက်ရှိအောင် စုစည်းသယ်ဆောင်ရသည့်အလုပ်ကပင် မည်ရွေ့မည်မျှ ခက်ခက်ခဲခဲရှိသည်ကို သိရှိနားလည်နိုင်ကြမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်း မြိတ်မြို့ ကျောက်ဖျာမြစ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ကွဲကူး-ကျောက်ဖျာတံတားကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးရာသီကာလရှည်ကြာပြီး မိုးများသည့် တနင်္သာရီတိုင်း၌ လမ်းဖောက်လုပ်ရာမှာရော၊ တံတားများတည်ဆောက်ရာမှာပါ ခြောက်သွေ့သည့်အချိန်ကိုလုပြီး ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရသည့် အကန့်အသတ်များ၊ လုပ်သားအင်အားရှားပါးမှုနှင့် လမ်းခင်းကျောက် ရှားရှားပါးပါး ရှာဖွေစုဆောင်းရသည့် အခက်အခဲများသည် သက်ဆိုင်ရာတာဝန်ခံများအတွက် ကြီးမားသည့်စိန်ခေါ်မှုများဖြစ်ခဲ့ကြောင်း၊ ဤစိန်ခေါ်မှုများကို စုစည်းညီညွတ်မှုအင်အားဖြင့် ဖွဲ့ရှိရှိ၊ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်မှုများဖြင့် ကျော်လွှားနိုင်ခဲ့ပြီဖြစ်ကြောင်း။

လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လုပ်ငန်းများဆိုပြီး ကန့်သတ်မထားဘဲ ပေ ၈၁၀ အရှည်ရှိသည့် ပသောင်းမြစ်ကူးတံတားကို တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့က ဝင်ရောက်တာဝန်ယူတည်ဆောက်ခဲ့သကဲ့သို့ တံတားငယ်အချို့ကို ဒေသခံများကလည်း ငွေအား၊ ပစ္စည်းအားထည့်ဝင်ပြီး ဝိုင်းဝန်းတာဝန်ယူတည်ဆောက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ လမ်းခင်းကျောက် လုံလုံလောက်လောက် ရရှိရန်ကိစ္စ၊ လုပ်သားအင်အား လုံလုံလောက်လောက် ရရှိရန်ကိစ္စတို့ကို နယ်မြေခံတပ်မတော်သားများက ဝိုင်းဝန်းဖြည့်ဆည်း လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းမကြီးသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် သဟဇာတရှိရှိ ပဲ့ထမ်းဦးထမ်း ပေါင်းစပ်လုပ်ကိုင်မှု၏ အသီးအပွင့်ဖြစ်သည့်အတွက် ပြည်ထောင်စုကြီးနှင့် တနင်္သာရီတိုင်းဒေသအတွက်အကျိုးပြုမည့် ပြည်ထောင်စုလမ်းမကြီး အစစ်အမှန်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိကြောင်း။

တစ်ဆက်တည်းမှာပင် ကွဲကူး-ကျောက်ဖျာတံတားကြီးအပါအဝင် တည်ဆောက်ပြီးစီးခဲ့သည့် တံတားများသည်လည်း တနင်္သာရီတိုင်းအတွက် ရေကြော၊ မြေကြောဆက်စပ်ပေးသည့် သာမန်တံတားများအဖြစ်သာမက အခြားပြည်နယ်၊ တိုင်းများနှင့်ပါ ပေါင်းကူးဆက်စပ်ပေးသည့် တိုင်းရင်းသားချစ်ကြည်ရေးတံတားများအဖြစ် သတ်မှတ်လက်ခံကြရမှာဖြစ်ကြောင်း။

ဤကဲ့သို့ ကားလမ်းနှင့်တံတားများ ဖြစ်ပေါ်လာခြင်း၊ မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်တို့ကို တိုးချဲ့ပြုပြင်ပြီး လေယာဉ်များကို တိုးချဲ့ပြေးဆွဲနိုင်ခြင်း၊ ရေး-ထားဝယ် ရထားလမ်းကြောင်းသစ် ဖန်တီးနိုင်ခြင်း စသည့်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံသစ်များကြောင့် တနင်္သာရီတိုင်းသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေသည်မှာ အမှန်ဖြစ်ကြောင်း။

ဖွံ့ဖြိုးစည်ပင်နေ

စိုက်ပျိုးရေးကဏ္ဍပိုင်းကိုကြည့်မည်ဆိုလျှင်လည်း တနင်္သာရီတိုင်းသည် ဒေသဆန်ဖူလုံမှုမရှိသေးသော်လည်း ဒေသတွင်းစိုက်ပျိုးထွက်ရှိသည့် စပါးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာပြီး ဆန်ဖူလုံမှုရာခိုင်နှုန်းသည် မြင့်တက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်ဆယ်စုနှစ်ကျော်ခန့်က တနင်္သာရီတိုင်း၏ စပါးစိုက်ဧကသည် ၁ဒသမ ၉သိန်းကျော်ခန့်သာရှိရာမှ ယခုအခါ ဧက ၂ ဒသမ ၇ သိန်းကျော်အထိ တိုးတက်ဖြစ်ပေါ်နေပြီး ဝမ်းစာစပါးဖူလုံမှုအခြေအနေသည် ၈၀ ရာခိုင်နှုန်းခန့်အထိ ရရှိနေပြီဖြစ်ကြောင်း စိစစ်တွေ့ရှိရကြောင်း။

နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်အရ ဆောင်ရွက်နေသည့် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များသည် ဆီအုန်းဧကရှစ်သောင်းကျော်ကို လက်တွေ့စိုက်ပျိုးပြီးနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး ဆီအုန်းများ ထပ်မံတိုးချဲ့စိုက်ပျိုးနေသကဲ့သို့ ဆီအုန်းသီးများ စတင်ထွက်ပေါ်လာပြီဖြစ်သည့်အတွက် ဆီကြိတ်စက်ရုံများကိုလည်း စတင်ထူထောင်နေသည်ကို မြင်တွေ့နိုင်ပြီဖြစ်ကြောင်း၊ အလားတူပင် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးအစီအမံများသည်လည်း သိသာစွာ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း။

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ သယံဇာတ အခြေအနေအရ အခြေအနေအပေးဆုံးဖြစ်သည့် သားငါးကဏ္ဍသည်လည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ ပင်လယ်ပြင် ငါး၊ ပုစွန် ဖမ်းဆီးရေးလုပ်ငန်းအပြင် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းများနှင့် ငါး၊ ပုစွန်အပေါ် အခြေခံသည့် ရေခဲစက်ရုံအအေးခန်း၊ ငါး၊ ပုစွန်အမှုန့်ကြိတ်စက်ရုံ စသည့်စက်ရုံများသည် မြိတ်ဒေသပတ်ဝန်းကျင်၌ စည်ကားစွာပေါ်ထွက်လာနေသည်မှာ ကိုယ်တွေ့မျက်မြင်များပင်ဖြစ်ကြောင်း။

ထို့အတူ ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာစေရေးစီမံကိန်းအရ အချက်အချာကျသည့် ဒေသ၂၄ခုကို ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ရွေးချယ် မြှင့်တင်ဆောင်ရွက်ရာ၌ တနင်္သာရီတိုင်းတွင် ထားဝယ်ဒေသနှင့် မြိတ်ဒေသသည် ဖွံ့ဖြိုးရေးဒေသများအဖြစ် ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးများ၊ တက္ကသိုလ်များ၊ ကောလိပ်များဖြင့် ဖွံ့ဖြိုးစည်ပင်နေပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် တနင်္သာရီတိုင်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများသည် ဘက်စုံက အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့မျက်မြင် ရုပ်လုံးပေါ်ထွက်လာအောင် နိုင်ငံတော်အကြီးအကဲ၏ စဉ်ဆက်မပြတ်လမ်းညွှန်မှု၊ မြော်မြင်တွက်ဆနိုင်မှု၊ မှန်ကန်သည့်မူဝါဒများနှင့် ဦးဆောင်ပေးမှုများအပေါ် အခြေခံပြီး နိုင်ငံတော်အဆင့်၊ ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်၊ မြို့နယ် စသည့် အောက်ခြေအဆင့်ဆင့်၏ ကြပ်မတ်တွန်းအားပေးနိုင်မှု၊ ပညာရှင်များအပါအဝင် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအင်အားများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိခွန် မိမိအား၊ ကိုယ်ပိုင်အတတ်ပညာ၊ ကိုယ်ပိုင်အရင်းအနှီးများဖြင့် ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထင်သာမြင်သာအောင်တင်ပြရလျှင် ကွဲကူး-ကျောက်ဖျာတံတားကဲ့သို့ ပေ ၁၀၀၀နှင့်အထက် တံတားကြီး ၃၇ စင်းအပါအဝင် တံတားကြီးစာရင်းဝင် တံတားပေါင်း ၁၆၃ စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့

စာမျက်နှာ ၁၁ ကော်လံ ၁

ဘုရားရှိခိုးစာအုပ် လှူမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီး ရေးသားတော်မူသည့် ပကိဏ္ဏကအစိန္တေ ယျကြီး ဘုရားရှိခိုး စာအုပ်ကို ရွတ်ဖတ်ကြည်ညိုတော်မူ လိုသော ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းတို့အား ဓမ္မဒါနပြုလိုပါသဖြင့် ဦးမြင့်စိုး (ဒေါ်သန်းသန်းမြိုင်) အမှတ် ၁၈၂၊ ၄က်တော်လမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (၁၁၀၈၁)၊ ရန်ကုန်မြို့တို့ထံ စာရေးဆက်သွယ် အလှူခံနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးပွဲ ပြီး ပြည်အကျိုး

မြန်မာစာပေ ဖြန့်ကြက်ထိုးဖောက်စိမ့်ဝင်ရေး

မောင်ဆုရှင်

မြန်မာစာပေသည် ဖြန့်ကြက်ထိုးဖောက်နိုင်သော အစွမ်းသတ္တိရှိပြီးဖြစ်သည်ဟု ယုံကြည်ပါသည်။ အကြောင်းမှာ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ် ပြောင်းလဲဖြစ်ပေါ်နေသည်ဟုဆိုသော ခေတ်ကာလ၌ မိမိတို့ထံ ရောက်ရှိလာသော ကိစ္စတို့တွင် အသွားနှင့်အပြန် နှစ်လမ်းသွားရှိသင့်သည်ဟု ခံယူထိုက်သောကိစ္စများလည်း ရှိရမည်ဖြစ်သောကြောင့်ပင်။ မြန်မာစာပေတွင် ထိုကိစ္စများအတွက် ခွန်အား အလုံအလောက် ရှိနေသည်။

ယနေ့အခါတွင် နှစ်ပေါင်းတစ်ထောင်တန်းတွင် ရောက်ရှိဖွံ့ဖြိုးလျက်ရှိသော မြန်မာစာပေသည် လွန်ခဲ့သောနှစ်ပေါင်း ၈၀ကျော်ဖြစ်သည့် ၁၉၂၀ပြည့်ဝန်းကျင်က ဆရာကြီးဦးဖေမောင်တင်တို့လို ပုဂ္ဂိုလ်များကျေးဇူးဖြင့် တက္ကသိုလ်တွင် ပို့ချရန်တန်းဝင်သော ဘာသာစကားအဖြစ် စတင်နေရာယူနိုင်ခဲ့သည်။ နေရာယူနောက်ကျရခြင်းမှာ ကိုလိုနီစနစ်၏ ပယောဂကြောင့်ပင် ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် အချုပ်အခြာအာဏာပိုင်နိုင်ငံတွင် ကိုယ်ပိုင်တက္ကသိုလ်များဖြစ်လာသောအခါ မြန်မာစာပေသည် နေရာမှန်သို့ တင့်တယ်စွာရောက်နေပြီဖြစ်သည်။

၂၁ ရာစုဆန်းစ ယခုအချိန်၌ နိုင်ငံအတွင်းတွင် တစ်နှစ်လျှင် စာအုပ်အမျိုးပေါင်း ၇၀၀၀ကျော်မျှ ထုတ်ဝေလျက်ရှိ၍ အချိန်မှန်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်တို့၏ အမျိုးအမည်မှာ ရာဂဏန်းအရေအတွက်၏ အထက်တွင် စည်ကားစွာပလူပျံလျက်ရှိနေလေသည်။ ထိုစာပေတို့အနက် ရေးသားမှုဦးတည်ချက်ပိုင်း၊ ဖွဲ့ဆိုတင်ပြမှု သုတ-ရသပိုင်း၊ ဖွဲ့စည်းတင်ပြမှု အချက်အလက်စုစည်းမှုပိုင်းဟူသော ရှိအပ်သည့်အရည်အသွေးတို့ကို စိစစ်၍ အမျိုးသားစာပေဆုများ၊ စာမူဆုများ ချီးမြှင့်ခဲ့သည်မှာပင် ဆုဆွတ်ခူးသူတို့၏ အရေအတွက်ကိုပေါင်းသော် ထောင်ဂဏန်းသို့ ရောက်ခဲ့ပြီ။

ထိုစာပေတို့ကို အသက်မွေးမှုအရဖြစ်စေ၊ ဝါသနာအရဖြစ်စေ ရေးသားဆဲဖြစ်သော စာရေးသူတို့၏ အရေအတွက်မှာလည်း ရှေးခေတ် ရဟန်းစာဆို၊ မှူးမတ်စာဆို၊ နန်းတွင်းစာဆိုတို့မှစ၍ ယနေ့အထိ လျော့ပါးသည်မရှိ တိုးပွား၍ လာလျက် ရှိသည်။ သို့ဖြစ်ရာ ပေ၊ ကညစ်၊ ကံ့ကူဆံတို့မှစခဲ့သော မြန်မာစာပေသည် ပုံနှိပ်စက်အမျိုးမျိုးတို့၏ခေတ်ကို ကျော်ဖြတ်ခဲ့ပြီးနောက် ဒစ်ဂျစ်တယ်ခေတ်သို့ ဝင်ရောက်နေပြီဖြစ်သည်။ ဤသို့လျှင် ထုတ်ဝေဖြန့်ချိမှုနည်းနာတို့ ပြောင်းသော်လည်း နိုင်ငံအကျိုးပြုစာပေတို့ကို ရေးသားရသူတို့အဖို့မှာကား စာပေလုပ်ငန်းဝန်တာ ပြောင်းလဲခြင်းမရှိ။ ‘စာပေဖြင့် နိုင်ငံအကျိုးပြုပြုကြကုန်အံ့’ ဟူသော လွန်ခဲ့သည့် နှစ်ပေါင်း ၇၀က တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံ အတိုင်းပင် စိန်ခေါ်လျက်ရှိနေသည်။ ထိုစိန်ခေါ်ချက်ကို တုံ့ပြန်ရန် အတွက် စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ ကျမ်းပြုဆရာ၊ ဘာသာဗေဒဆရာတို့၏ အရေအတွက် ပွားများလာနေသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သက်သေသာဓကေ ကြည့်လိုပါမူ စာနယ်ဇင်းမျက်နှာ၊ စာအုပ်မျက်နှာတို့၌ ကလောင်ရှင် အသစ်အဟောင်းတို့ကို တွေ့နိုင်သည်။ စာပေဆုနှင်းသဘင် စင်မြင့်ပေါ်၌ နှစ်စဉ် တွေ့နိုင်သည်။ စာပေအရာ၌ တစ်သက်တာ အားထုတ်လုံးပန်း လျှောက်လှမ်းခဲ့သူတို့၏ မျက်နှာကိုပင် အားကျဖွယ်ရာ ကြိုးကြားမြင်နိုင်သေးသည်။

သို့ရာတွင် ဆိုခဲ့သည့်အတိုင်း ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ် ပြောင်းလဲမှု၌ အဝင်အလာရှိသလို အပို့အသွားလည်း ရှိဖို့လိုသည်။ အဖိတ်အခေါ်ကို စောင့်စရာမလို။ လိုကွက်ဟာကွက်ကို ဖြည့်ဆည်းရန်သာလိုပေသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် စာပေကိုအခြေခံ၍ ခေတ်ဟောင်းခေတ်သစ် နည်းအမျိုးမျိုးဖြင့် ပုံဖော်ကာ မိတ္တူပွား ဖြန့်ဖြူးလျက်ရှိရာတွင် မြန်မာမှု၊ မြန်မာစာပေ၊ မြန်မာကဗျာ၊ မြန်မာ့စိတ်ထားတို့၏အကြောင်းကို သူတို့နားလည်သော ဘာသာစကားဖြင့် မိတ်ဆက်ရှင်းလင်းရန် လိုအင်ကို သတိထားမိလေသည်။ ဖြန့်ကြက်ထိုးဖောက်ခြင်းဟု ဆိုအပ်သည့်အတွက် မကောင်းသော ရည်ရွယ်ချက်မပါဟုလည်း ဆိုချင်သည်။

အကြောင်းမှာ သန်းပေါင်း ၆၀၀၀ကျော်ရှိသော ကမ္ဘာတွင် ဘာသာစကားမျိုးစုံတို့ကို ပွားများကာ စိတ်ချင်း၊ ဆန္ဒချင်း ဖလှယ်နေကြသောကြောင့် ဖြစ်လေသည်။

ထိုဖလှယ်မှုကို မြန်မာနိုင်ငံက မလုပ်ခဲ့သည်မရှိ၊ လစ်ဟင်းခဲ့သည်လည်းမရှိ။ ရည်ရွယ်ချက်နှင့် အရှိန်အဟုန်သာ ကွာခြားပေမည်။ မြန်မာ့သမိုင်း၊ မြန်မာ့ပုံရိပ်ကို ဖော်ပြသော ရှေးခေတ် တိုင်းတစ်ပါးသားတို့လည်းရှိပါ၏။ သို့သော် မြန်မာ့အမြင်၊ မြန်မာ့လေ့ကို တိတိပပ ကိုယ်စားပြုသည်ဟုဆိုရန် ခက်သေးသည်။ ၂၀ရာစုအတွင်း၌ မြန်မာပညာရှင်တို့က တိုင်းခြားဘာသာဖြင့် ကျွမ်းကျင်ရာ ရေးသားခဲ့သော လက်ရာများတွင် ဒေါက်တာထင်အောင်၊ ဒေါက်တာလှဖေ၊ ဒေါက်တာမောင်မောင်ပြေ၊ ဒေါ်မိမိခိုင်၊ ဒေါ်ခင်မျိုးချစ်၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာနိုင်ပန်းလှ၊ မောင်ကြာညို၊ ဦးဘသန်း(မဟာဝိဇ္ဇာ) စသူတို့၏ လက်ရာအချို့ကို ရုတ်တရက် သတိရသည်။ မြန်မာ့ဂန္ထဝင်စာပေမှ မှန်နန်းရာဇဝင် အပါအဝင် ရှင်ဥတ္တမကျော် တောလားနှင့် ဆရာဇော်ဂျီ စသူတို့၏ ကဗျာများ၊ ပြဇာတ်များကို ဘာသာပြန်သူတို့ ရှိခဲ့ကြသည်။ မြန်မာ့ ကျေးလက်စာပေ အစုအဝေးကြီးကား စာပေစတုဒိသာပွဲကြီးပမာ ဟိုက ထုတ်နုတ်၊ ဒီက ယူသုံး၊ ဟိုလိုကိုးကားစသည်ဖြင့် ယနေ့တိုင် ထုံ့ပိုင်းထုံ့ပိုင်း လေ့လာဖော်ပြနေသည်ကို တွေ့ရတတ်သည်။

လွတ်လပ်ရေးရပြီးနောက် နိုင်ငံတကာ ဆက်သွယ်ရေးခေတ်အတွင်း နိုင်ငံအချင်းချင်း ချစ်ကြည်ရေး၊ ရင်းနှီးဖလှယ်ရေး ခေါင်းစဉ်အောက်မှ မြန်မာဝတ္ထု၊ မြန်မာကျမ်းတို့ကို တရုတ်၊ ဂျပန်၊ ရုရှား၊ အင်္ဂလိပ်၊ အိန္ဒိယဘာသာများဖြင့် ပြန်ဆိုခဲ့ရာ သိန်းဖေမြင့်၊ လင်းယုန်သစ်လွင်၊ မောင်ထင်၊ ဦးခင်ဇော်(ကေ)၊ မင်းကျော်၊ ဂျာနယ်ကျော် မမလေး၊ မစန္ဒာ၊ ခင်ဆွေဦး၊ နုနုရည်(အင်းဝ)၊ ဂျူး စသူတို့၏ လက်ရာများကို သီးခြားဖြစ်စေ၊ ပေါင်းချုပ်ဖြစ်စေ ထုတ်ဝေပေးခဲ့ကြသည်။ ဆရာထိလာစစ်သူ၏ စုံလင်သော စာလက်ရာ၊ ကဗျာလက်ရာများမှာ ပြင်သစ်ဘာသာအထိပင် ဘာသာမျိုးစုံ ပျံ့နှံ့စွာ ပြန်ဆိုခဲ့သည်ကို တွေ့ရသည်။

အထက်ပါ စာပေလက်ရာတို့၏ အစုအပေါင်းသည် မြန်မာ့အစဉ်အလာနှင့် မြန်မာ့ပုံရိပ်တို့ကို အပြည့်အဝ မဟုတ်သည့်တိုင် တစ်စိတ်တစ်ပိုင်းအားဖြင့် ဖော်ပြနိုင်စွမ်းရှိခဲ့ကြလိမ့်မည်သာ ဖြစ်သည်။ ထိုလုပ်ငန်းမျိုးနှင့် စပ်လျဉ်း၍ အနောက်တိုင်း စာရေးဆရာတစ်ဦးက “ဘာသာပြန်ခြင်းသည် စိတ်ချင်းပေါင်းကူးမှုဖြစ်သည်”(Translation is inter-traffic of mind)ဟူ၍ ဆိုခဲ့ဖူးသည်ကို မှတ်မိသည်။ မြန်မာမှုကို ဘာသာပြန်တင်ပြသူများတွင် တိုင်းခြားဘာသာ၌ ကျွမ်းကျင်သော မြန်မာပညာရှင်တို့လည်း ပါလေသည်။ ဦးဖေမောင်တင်၊ ဦးလူဖေဝင်း၊ မြဇင်၊ ဒေါက်တာ စိန်တူ၊ ဆရာတိုက်စိုး၊ ဦးထွန်းအောင်ချိန်၊ ဒေါက်တာ သန်းထွန်း၊ ဦးသော်ကောင်း စသူတို့ကို တွေ့နိုင်သည်။

ယခုအခါ နိုင်ငံ့ပုံရိပ်ကို ရုပ်သွင်ပေါ်စေရာတွင် သူများပြောသည်ထက် ကိုယ်ထိုး၍ ပြသော မီးမောင်းက ကိုယ့်ရှုထောင့်နှင့် ပို၍ နီးစပ်ပေလိမ့်မည်။ ထို့ကြောင့် မြန်မာကလောင်တို့သည် မြန်မာစာပေနှင့် ယဉ်ကျေးမှုကို ပို့ကုန်ပြုလုပ်ရာ၌ တိုင်းခြားဘာသာကို လေ့လာ၍ ကိုယ့်ကလောင်နှင့်ကိုယ် တွင်တွင်ရေးဖွဲ့ကြဖို့ လိုအပ်သောအခါသို့ ရောက်ပြီဟု ဆိုရပါမည်။ လက်ငင်းအားဖြင့် အများဆုံး ရေးသားနေသော နယ်ပယ်မှာ သတင်းစာနယ်ပယ်နှင့် ဂျာနယ်မဂ္ဂဇင်းနယ်ပယ်ဖြစ်သည်။ ဒေါ်ကြည်ကြည်လှ၊ မသိင်္ဂီနှင့် ကြော့မောင်မောင်ညွန့်တို့လို ပင်ကိုရေး လက်ရာများလည်း တွေ့နိုင်သည်။ ရသစာပေနှင့် ကျမ်းဟူသော နယ်ပယ်တို့၌ ဖြည့်ဆည်းပေးရန် နယ်ပယ်အကျယ်အဝန်းကြီး ကျန်နေလေသည်။

ဤအားထုတ်မှုတွင် စာအုပ်စာပေတို့ကို တွင်တွင်ကျယ်ကျယ် ဖြန့်ချိနိုင်ခြင်း မပြုမီ မိတ်ဆက်စာတမ်းများဖြင့် နိုင်ငံတကာတွင် ဆယ့်နှစ်ရာသီ အလီလီကျင်းပသော စာတမ်းဖတ်ပွဲ၊ စာပေနီးနှောဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ၌ မြန်မာတို့ အစဉ်အလာ ရုပ်တည်မှုကိစ္စကို ဖြန့်ကြက်နိုင်ခြင်းသည် သူ့စင်မြင့်၊ သူ့ပလက်ဖောင်းကို အသင့်ရယူ၍ မင်္ဂလာရှိသော အမှုကို ပြုခြင်းဟုလည်း ဆိုကောင်းပါသည်။

ဤအတွေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မကြာသေးမီက ကျင်းပခဲ့သော တတိယအကြိမ်မြောက် အရှေ့တောင်အာရှစာပေများ နီးနှောဖလှယ်ပွဲသို့ တက်ရောက်၍ စာတမ်းဖတ်ကြားရင်း ကြိုဆိုကမ်းလှမ်းကြသော နိုင်ငံများ၏ ဖိတ်ခေါ်မှုကို ကြားသိရသဖြင့် စိမ့်ဝင်တတ်သော မေတ္တာသဘောနှင့် စိမ့်ဝင်တတ်သော စာပေရသ သဘောတို့ကို ဆင်ခြင်မိကာ မြန်မာစာပေ မြန်မာမှုကို ဖြန့်ကြက်လိုစိတ်တစ်ရပ် အားသန်မိရပါသည်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက် ဓာတ်ပေါင်းစုသာသနာ့အောင်မြေ စူဠာမုနိကုသိုလ်တော်ဘုရားကြီး တန်ဆောင်းတော်ဘက်စုံမွမ်းမံရေး အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၀ရက်က ကျင်းပရာ အလှူရှင်၉၃ဦး၏ စုပေါင်းလှူဒါန်းငွေကျပ် ၅၉၀၅၉၂၀ကို ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

အရည်အသွေးစီမံမှုစနစ်လက်မှတ်ရအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

United Paints Group Co.,Ltd.(UPG)က နိုင်ငံတကာ အသိအမှတ်ပြု ISO 9001;2000 Certificate ရရှိခြင်းအထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဧည့်သည်တော်များ၊ UPGကုမ္ပဏီ၏ အရောင်းကိုယ်စားလှယ်များနှင့် အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ UPG ကုမ္ပဏီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးဟန်က အရည်အသွေးစီမံခန့်ခွဲမှုစနစ် ISO 9001;2000 Certificate ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

၁၉၉၅ ခုနှစ်မှစတင်၍ နိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော UPG Co., Ltd.၏ သွင်းကုန်အစားထိုးအိမ်သုတ်ဆေးများသည် အရည်အသွေးကောင်းမွန်မှုကြောင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၁၀-၂၀၀၃
(တနင်္လာနေ့) နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၄း၅၅ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ်(အင်္ဂလိပ်စာ) (ခ)ဒုတိယနှစ်(စိတ်ပညာ)
၅း၃၅ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၀ ၁၆။ လျှပ်တစ်ပြက်
၆း၄၀ ၁၇။ မြန်မာ့လက်သီး
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လင်နှင့်မယား”**(အပိုင်း-၁၉)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ ရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း (မဟာဂန္ဓာရုံမှာ တစ်နေ့တာ)
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သုငယ်ချင်းသုံးဖော်”**(အပိုင်း-၂၉)

Nu Life International Co.,Ltd. ၏ (၁၁)နိုင်ငံမြောက် နိုင်ငံတကာဈေးကွက်သစ် အဖြစ် တရားဝင် အသိအမှတ်ပြုပေးအပ်ပွဲ အခမ်းအနားနှင့်မြန်မာနိုင်ငံတစ်ဝန်းရှိ Nu Life (Myanmar) မိသားစုဝင်များ ပထမဦးဆုံးအကြိမ် စုစည်းပွဲအခမ်းအနားကို ကုန်သည်ကြီးများဟိုတယ်တွင် အောက်တိုဘာ ၂၃ ရက် နေ့လယ်ပိုင်းက ကျင်းပစဉ်။ (က-ပ)

စာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၆

အမှတ် ၂၆၈ ဒုထပ်၊ ပန်းဆိုးတန်းလမ်း (ထက်) ခုံးကျော်တံတားအနီးတွင် ဖွင့်လှစ်ထားရှိသော ဆရာဦးအောင်နိုင်၏ Aung Naing LCCI Training Centreတွင် နိုင်ငံတကာ အသိအမှတ်ပြု LCCI စာရင်းကိုင် သင်တန်း Level 1, 2, 3 တန်းခွဲသစ်များကို ဒီဇင်ဘာ ၆ရက်(စနေနေ့)တွင်ဖွင့်လှစ်မည်ဖြစ်ရာ စာရင်းကိုင်ပညာ လေ့လာသင်ကြားသူများ အနေဖြင့် သင်တန်းခန်းမသို့ လည်းကောင်း၊ ဖုန်း- ၇၂၁၁၄၃ သို့ ဆက်သွယ် စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

စာမျက်နှာ ၉ မှ

ဆောက်လုပ်ရေးလုပ်ငန်းက ပြည်ထောင်စုအနှံ့၌ တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်ကြောင်း၊ ဤကဲ့သို့ မြစ်ကူး ချောင်းကူးတံတားများကို နိုင်ငံတော်ပိုင် ဘဏ္ဍာငွေကျပ် သန်း ၈၈၀၀၀ ခန့်နှင့် နိုင်ငံခြားငွေဒေါ်လာ သန်း ၁၅၀ ခန့် အကုန်အကျခံပြီး မိမိတို့၏ မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့်သာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်ပြည်ပချေးငွေ၊ ထောက်ပံ့ငွေစသည့် အကူအညီများမပါဘဲ ကိုယ့်အားကိုယ်ကိုး ဖန်တီး တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်ဖြင့် သုံးသပ်တင်ပြရမည်ဆိုလျှင် ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အရင်းအနှီးများဖြင့် ယခုကဲ့သို့ ခံ့ခံ့ညားညား အဆင့်အတန်းရှိသည့်တံတားများ တည်ဆောက်နိုင်မှု အပေါ် မိမိတို့တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားရမှာဖြစ်ကြောင်း၊ မြန်မာလူမျိုး တို့၏ ဇွဲ၊ သတ္တိနှင့် ကြံရည်ဖန်ရည်ကို ကမ္ဘာကသိအောင် ပြသနိုင်ခြင်းဖြစ်သည့် အတွက် အင်မတန်ကြည်နူးဝမ်းမြောက်ပီတိဖြစ်ကြရသည်မှာ အမှန်ဖြစ်ကြောင်း။

ဤကဲ့သို့ အမျိုးသားရေးစွမ်းအား၊ အမျိုးသားရေးအားမာန်များ အရင်းခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ကြိုးစားပမ်းစား တည်ဆောက်နေသည့်အတွက်လည်း ပြည်ထောင်စုတစ်ဝန်း၌ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ စီးပွားရေးအခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လူမှုဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံများ တသီတတန်း ပေါ်ထွက်လာနေသည့်အချိန်အခါ၌ နိုင်ငံရေးအရ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းအစီအမံများကိုလည်း ချိန်ကိုက်စွာ ချမှတ်ဆောင်ရွက် သွားနေပြီဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံရေးဦးတည်ချက်များအနက် ပထမဦးတည်ချက်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် ဒုတိယဦးတည်ချက်ဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းတို့သည် နိုင်ငံတော်နှင့် ပြည်သူ များ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများကြောင့် ခိုင်ခိုင်မာမာဖြစ်ထွန်း အောင်မြင်လျက်ရှိနေပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အေးချမ်းသာယာပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်အတွက် မရှိမဖြစ် အဓိကလိုအပ်ချက်များ ဖြစ်သည့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားပြန်လည် စည်းလုံးညီညွတ်မှုသည် မည်သည့်ခေတ်ကာလများနှင့်မတူ ထူးခြားစွာ အခြေ ခိုင်မာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တတိယနှင့် စတုတ္ထဦးတည်ချက်များဖြစ်သည့်

- **နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

တို့ကို အဆင့်မှန်၊ နည်းလမ်းမှန်စွာ ဆက်လက်အကောင်အထည်ဖော်သွားကြ ရမည်ဖြစ်ကြောင်း။

မကြာသေးမီအချိန်က ကြေညာခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်ခုနစ်ရပ်သည် အဆင့်မှန်၊ နည်းလမ်းမှန်ဖြင့် နိုင်ငံတော်သစ် တစ်ရပ်ကိုတည်ဆောက်သွားမည့် လုပ်ငန်းအစီအစဉ်များပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်များနှင့်အညီ လက်တွေ့ ကျကျ ကျင့်သုံးဖော်ဆောင်သွားမည့် နိုင်ငံရေးလုပ်ငန်းစဉ်များဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေ အချိန်အခါတွင် နိုင်ငံတော်ကြီးကို ခြယ်လှယ်လွှမ်းမိုး လိုသည့် ပြည်ပနိုင်ငံကြီးအချို့သည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုသည့် အကြောင်းပြချက်များဖြင့် နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြုပြီး နိုင်ငံရေးအရ၊ သံတမန်နည်းလမ်းအရ ဖိအားပေး အကျပ်ကိုင် မှုများ ပြုလုပ်လာရုံသာမက စီးပွားရေးနှင့် ငွေရေးကြေးရေးအရပါ ကန့်သတ် ပိတ်ဆို့မှုများကို ပြုလုပ်လျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း။

ထို့ကြောင့် အခွင့်အခါသင့်ခိုက် မှာကြားလိုသည်မှာ အမျိုးကိုချစ်သည့်စိတ်၊ ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာသည့်စိတ်မွေးပြီး အလုပ်ကိုဖိဖိစီးစီး လုပ်ကြပါ၊ အမျိုးသားအကျိုးစီးပွားကို ဘက်စုံမှ ကာကွယ်စောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်း၊ တကယ့်အစစ်အမှန်တရားမှာ မိမိတို့၏ ဖန်တီးနိုင်သည့် စွမ်းအားသည် မိမိတို့ပြည်တွင်းမှာပဲ တည်ရှိခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသား ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ အလုပ်ကြိုးစားမှု၊ စေတနာထက်သန်မှု တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ရှင်သန်ရပ်တည် ရေးအတွက် အဓိကအဆုံးအဖြတ်ပြုသည့် ခိုင်မာသောအကြောင်းတရား အစစ် အမှန်များဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုကြောင်း။

ထို့ကြောင့် ရှေ့ဆက်သွားမည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ပြည်သူလူထု တစ်ရပ်လုံး နိုးကြားသည့်အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်သွား ကြရန် အထူးအရေးကြီးကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ဖွင့်လှစ်သည့် ကျွဲကူး-ကျောက်ဖျာ တံတားကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် အရေးပါသလို မြိတ်ဒေသအတွက် ကျက်သရေဆောင် တံတားကြီးလည်းဖြစ်သည့်အတွက် တည်ဆောက်ပေးကြသည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြသည့် ဒေသခံပြည်သူများအား နိုင်ငံတော်ကိုယ်စား အထူး ကျေးဇူးတင်ရှိပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့အောင် စောင့်ရှောက် ထိန်းသိမ်းသွားကြပါဟု တိုက်တွန်းပြောကြားသည်။

သန်း ၃၄၀၀ ခန့်ကုန်ကျခဲ့

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းနှင့်တံတားများကို နေ့မအား ညမနား တည်ဆောက်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မှ ယနေ့အချိန်အထိ လမ်းမိုင်ပေါင်း ၄၄၇၇ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ တံတားများအနေဖြင့် ဤ ကျွဲကူး-ကျောက်ဖျာတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၆၃ စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် တည်ဆောက်ပေးခဲ့သည့် တံတား သုံးစင်းပါဆိုလျှင် ၁၆၆ စင်းရှိပြီဖြစ်ကြောင်း၊ ကျွဲကူး-ကျောက်ဖျာတံတားကို ၁၄-၁၁-၂၀၀၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂ နှစ် ၁၁ လအကြာ၌ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

တံတားကြီး၏ ပင်မတံတားမှာ ၂၁၁၂ ပေ၊ ကျောက်ဖျာဘက် ချဉ်းကပ် တံတားမှာ ပေ ၂၀၀၊ ကျွဲကူးဘက် ချဉ်းကပ်တံတားမှာ ပေ ၁၃၀၀ စုစုပေါင်း တံတားအရှည် ၃၆၁၂ ပေ ရှိကြောင်း။

ဤတံတားကြီးကို တည်ဆောက်ရာ၌ နိုင်ငံခြားသုံးငွေများ အပါအဝင် ငွေကျပ် သန်း ၃၄၀၀ခန့် ကုန်ကျခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်က အမှာစကားပြောကြားရာတွင် ယခုအခါ တနင်္သာရီတိုင်းတွင် အကြီးဆုံးနှင့် အရှည်ဆုံးတံတားဖြစ်သည့် ကျွဲကူး-ကျောက်ဖျာတံတားကြီးကို တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းမှ တောင်ဘက် အစွန်ဆုံး ကော့သောင်းမြို့အထိ တစ်ဆက် တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်၍ တနင်္သာရီတိုင်းအတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း သမိုင်းမော်ကွန်းတင်ကျန်ရစ် မည့် နေ့တစ်နေ့ဖြစ်ကြောင်း။

တနင်္သာရီတိုင်းအတွင်း ဒေသတစ်ခုမှတစ်ခုသို့ သွားလာရာတွင် ရေကြောင်း ကိုသာ အများဆုံးအသုံးပြုခဲ့ရကြောင်း၊ အခြားပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ် ရာတွင်လည်း ရေကြောင်း၊ လေကြောင်းကိုသာ အဓိကထား ဆက်သွယ်သွားလာမှု ပြုခဲ့ကြောင်း၊ နယ်မြေအေးချမ်းမှုမရှိခဲ့၍လည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့တွင် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ် ခဲ့ရကြောင်း။

တနင်္သာရီတိုင်းအတွင်း အေးချမ်းသာယာလာသည်နှင့်အမျှ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသအတွင်း လမ်း၊ တံတား များကို တစိုက်မတ်မတ် တည်ဆောက်လျက်ရှိကြောင်း၊ ယခင် ၁၉၈၈ ခုနှစ် မတိုင်ခင်က တိုင်းအတွင်း လမ်းအရှည်မိုင် ၃၆၃ မိုင်သာ ဖောက်လုပ်ထားရာ ယခုလက်ရှိအခြေအနေတွင် ထားဝယ်ခရိုင် မလွှဲတောင်မှ ကော့သောင်းမြို့အထိ ပြည်ထောင်စုလမ်းမကြီးကို ၅၂၂ မိုင် ၄ဖာလုံ ဖောက်လုပ်ပြီးဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျွဲကူး-ကျောက်ဖျာ တံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ၁၉၈၈ခုနှစ်မတိုင်မီက တစ်နှစ် စိုက်ပျိုးနိုင်မှုဧက ၄၆၈၀၀၀ ကျော်ရှိခဲ့ရာမှ ယခုတပ်မတော်အစိုးရလက်ထက်တွင် ဧက ၆၇၀၀၀၀ ကျော်အထိ စိုက်ပျိုး လာနိုင်ခဲ့ကြောင်း၊ သားငါးကဏ္ဍအနေဖြင့် ယခင်တန်ချိန် ၁ ဒသမ ၇ သိန်း ထုတ်လုပ်ခဲ့ရာမှ ယခုအခါ တန်ချိန်ငါးသိန်းကျော်၊ ပုလဲမွေးမြူထုတ်လုပ်မှု အနေဖြင့် ယခင်က မိုမီ ၇၃၀၀ကျော် ထုတ်လုပ်ရာမှ ၇၂၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ဥစားကြက်မွေးမြူရာတွင် ယခုအခါကောင်ရေ ၉၈၆၀၀၀ ကျော် မွေးမြူနိုင်ခဲ့ကြောင်း၊ ယခင်က မော်တော်ကားလမ်း ၃၉၇ မိုင် ရှိခဲ့ရာမှ ယခုအခါ ၆၆၄ မိုင်ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ယခင်ကအခြေခံပညာကျောင်းပေါင်း ၉၆၂ ကျောင်းရှိခဲ့ရာမှ ယခုအခါ ၁၁၀၉ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်လာနိုင်ခဲ့ကြောင်း၊ တက္ကသိုလ်၊ ကောလိပ် အနေဖြင့် ယခင်က တစ်ခုသာရှိခဲ့ပြီး ယခုအခါ တက္ကသိုလ်နှစ်ခု၊ ကောလိပ် ငါးခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခင်က ဆေးရုံ ၁၇ ရုံသာရှိခဲ့ပြီး ယခု အခါ ၂၃ရုံထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အောက်တိုဘာ ၂၅ ရက် ကလည်း မြိတ်မြို့၌ ခုတင် (၂၀၀)ဆံ့ ခေတ်မီဆေးရုံကြီးကို ခံ့ညားထည်ဝါစွာ ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်း။

နယ်မြေအေးချမ်းသာယာလာပြီး မော်တော်ကားလမ်းသစ်များ ဖောက်ခြင်း၊ ကားလမ်းဟောင်းများ တိုးတက်ပြုပြင်ခြင်း၊ ရေး-ထားဝယ် မီးရထားလမ်း ဖောက်လုပ်ပေးခြင်း၊ မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်တို့ကို တိုးချဲ့ပြုပြင်ခြင်း စသည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနိုင်သည်နှင့်အမျှ တနင်္သာရီတိုင်းသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြော်အမြင်ကြီးမားစွာဖြင့် လမ်း၊ တံတားများ တည်ဆောက်ခွင့်ပြုပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့အား လည်း ကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ခဲ့သည့် တာဝန်ရှိသူအဆင့်ဆင့်အား ဒေသခံပြည်သူများကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် မြိတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမင်းသိန်းက ကျွဲကူး- ကျောက်ဖျာတံတား ဖွင့်လှစ်နိုင်ခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ပိုမိုဖွံ့ဖြိုးတိုးတက်သွားမည်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် လာသည့် ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားရာတွင် အခမ်း အနားသို့ တက်ရောက်လာကြသည့် ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း။

တနင်္သာရီတိုင်းအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ခိုင်ခိုင်မာမာချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း။

နိုင်ငံတော်ကချမှတ်ထားသည့် ယင်းလုပ်ငန်းဆိုင်ရာဦးတည်ချက်များနှင့် အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပူးပေါင်းအကောင် အထည်ဖော်နိုင်သဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး စသည့်ကဏ္ဍအားလုံး၌ ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီ ဖြစ်ကြောင်း။

ဒေသတစ်ခုနှင့်တစ်ခု ဆူကြုံနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး ဒေသအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သဖြင့် မိမိတို့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဖွံ့ဖြိုးရေး ဒေသစီမံကိန်းများချမှတ်၍ ဆက်စပ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ရည်ရွယ်ချက်မှာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့အတွက် ဦးတည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ယခုကဲ့သို့ ညီညီညွတ်ညွတ် ကြိုးပမ်းပူးပေါင်းဆောင်ရွက်သည်နှင့်အမျှ နိုင်ငံတော်ကြီးတစ်ရပ်လုံးသည် ခိုင်ခိုင်မာမာ ပိုမိုဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဖဲကြိုး ဖြတ် ဖွင့်လှစ်မည့် တံတားဖွင့်ပွဲမုခ်ဦးရှေ့တွင် နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တနင်္သာရီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ကျွဲကူး- ကျောက်ဖျာတံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် တံတားစီမံကိန်းမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲမုခ်ဦး ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တံတားကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး နံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားကြီးကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ ပန်းဖွားအကအဖွဲ့များ၊ တူညီ ဝတ်စုံဝတ်အကအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကျောက်ဖျာမြစ်ကူး ကျွဲကူး-ကျောက်ဖျာတံတားမှာ မြိတ်-ထားဝယ် ကားလမ်းပေါ်၌တည်ရှိပြီး တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၀၀ပြည့်နှစ် နိုဝင်ဘာ ၁၄ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

တံတားအပေါ်ထည်မှာ ပီစီရက်မတံတားနှင့် သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။ တံတားအောက်ထည်မှာ ဘိုးပိုင်သံအားဖြည့် ကွန်ကရစ် ပိုင်တိုင်အုတ်မြစ်နှင့် ရေတွင်းခွေအုတ်မြစ် အမျိုးအစားဖြစ်သည်။

တံတား၏စုစုပေါင်းအရှည်မှာ ၃၆၁၂ပေရှိသည်။ ယာဉ်သွားလမ်း အကျယ် မှာ ၂၈ပေဖြစ်ပြီး တစ်ဖက်လျှင်ခြောက်ပေစီရှိသည့် လူသွားလမ်းတို့ပါရှိသည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ပေ၂၃၀ နှင့် အမြင့် ၂၈ ပေဖြစ်သည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးလျှင် တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိုလံပစ်ဂျာနယ် အမှတ်(၃၂၁)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာ့အားကစားမောင်မယ်များ ဆင်နွှဲရမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ မြန်မာ့လက်ရွေးစင် အသင်း၏ အာရှဖလားခြေစစ်ပွဲနှင့် မြန်မာလူငယ်အသင်း၏ အာရှလူငယ် ခြေစစ်ပွဲ၊ ရန်ကုန်တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ၊ ရူးနီကို ချယ်လ်ဆီးကသဘောကျ၊ ဥရောပရဲ့ ဂရိတ်အသင်းကြီးများ၊ ချန်ပီယံလိဂ် ပွဲကြို၊ ယူရို-၂၀၀၄ ခြေစစ်ပွဲသုံးသပ် ချက်၊ ပရီမီယာရှစ်၊ အီတလီစီးရီးအေ၊ စပိန်လာလီဂါ စသည့်ဆောင်းပါးများ၊ မောင်ရဲဝင်း၊ ရဲဇာနည်၊ ကိုထွေး၊ မောင်တွေးထက်၊ ဖြူလင်း၊ စိုးမင်း ထက်၊ ခန့်မောင်ထက်၊ လူသန့်အေး၊ ဟိန်းသန့်၊ လင်းသစ်၊ အောင်ဆင့် တို့၏ လက်ရာများနှင့်အတူ ပြည်တွင်း အားကစားသတင်းများ၊ နိုင်ငံတကာ ဘောလုံးပွဲသတင်းဓာတ်ပုံများ ဝေဝေ ဆာဆာ ဖော်ပြထားသော အချပ်ပိုတို့ ပါဝင်သည့် အိုလံပစ်ဂျာနယ်**(အပေါ်ပုံ)** ကို ဆင်တောင်ကြီးစာပေက မြန်မာ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ် သည်။



(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘားအံမြို့ မဲဘောင်ကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဲဘောင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒြိယအား ပူဇော်ကန်တော့ပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

သပ်ရပ်သော တက္ကသိုလ်ကြီးတစ်ခုဖြစ်စေရေး စနစ်တကျတည်ဆောက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ် သုံးထပ်ပင်မဆောင်နှင့် နှစ်ထပ်စာသင်ဆောင်များ တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (ဘားအံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဒေါ်သန်းသန်းဌေးနှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဒေါ်သန်းသန်းဌေးက အစိုးရနည်းပညာကောလိပ်(ဘားအံ)၏ နောက်ခံသမိုင်း၊ ကောလိပ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်ပို့ချလျက်ရှိသော သင်တန်းများနှင့် ကျောင်းသားအင်အား၊ ကျောင်းဆင်းပြီးကျောင်းသားအရေအတွက်၊ ဝန်ထမ်းအင်အားအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က သင်ကြားစီမံကိန်းစာရပ်များနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အနာဂတ်၏ အရည်အချင်းမြင့်မားသော အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အစိုးရ နည်းပညာကောလိပ် (ဘားအံ) တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ မဲဘောင် ကျောင်းတိုက်သို့သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဲဘောင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒြိယအား ပူဇော်ကန်တော့ကြပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ ဓမ္မပီယဘေးမဲ့ကျောင်းသို့သွားရောက်၍ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနအား ပူဇော်ကန်တော့ကြပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိုင်းရင်းသား ခေါင်းဆောင်အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဘားအံမြို့နယ် ဘုရားကုန်းငြိမ်းချမ်းရေးရွာသို့ ရောက်ရှိကြရာ တိုင်းရင်းသား ခေါင်းဆောင်များ ဖြစ်ကြသော ဖဒိုအောင်ဆန်းနှင့် ဦးစောသူမှုဟဲနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငြိမ်းချမ်းရေး ခန်းမဆောင်၌ တိုင်းရင်းသားခေါင်းဆောင်များ၊ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး၊ ဒေသဆန်ဖူလုံရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းသည်။

ထို့နောက် တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဖဒိုအောင်ဆန်းနှင့် ဦးစောသူမှုဟဲတို့က မိမိတို့ဒေသအသီးသီးတွင်လက်ရှိဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဒေသဖွံ့ဖြိုး တိုးတက်မှုအခြေအနေနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် စိုက်ပျိုး ကုန်ထုတ်လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဝီရိယစိုက်ထုတ်ကြိုးပမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ဆက်လက်အားပေးဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားများကလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် လုံ့လဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသော ဖဒိုအောင်ဆန်းနှင့် ဦးစောသူမှုဟဲတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အားတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဖဒိုအောင်ဆန်းနှင့် ဦးစောသူမှုဟဲတို့က ဂါရဝပြု လက်ဆောင်များပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဘားအံခရိုင် မဲဘောင်နောင်လုံချောင်းဒေသ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် လုပ်မြေမြေရိုင်းများ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ခြင်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်က ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းအခြေအနေ၊ အသားတင်စိုက်ပျိုးမြေဧက၊ လုပ်မြေနှင့် မြေရိုင်းများအခြေအနေ၊ မိုးစပါး သတ်မှတ်လျာထားချက်ထက်ကျော်လွန် စိုက်ပျိုးနိုင်မှု၊ ယခုနှစ်မိုးရွာသွန်းမှုအခြေအနေ၊ ဘားအံခရိုင် ဘားအံနှင့် ဇာသပြင်အကြား မဲဘောင် နောင်လုံချောင်းဒေသ ရေလွှမ်းကွင်းများ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်နေမှု အခြေအနေ၊ ယခုနှစ်တွင် ဧက ၃၀၀၀ ကျော် ဖော်ထုတ်ပြီး ၂၄၅၈ ဧက စတင်စိုက်ပျိုးနေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဝင်းက မဲဘောင် နောင်လုံချောင်းဒေသ ရေကြီးရေမြုပ်ကွင်း ဧက ၂၅၀၀၀ ကျော်ကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်လုပ်ကိုင်နေမှု အခြေအနေနှင့် လိုအပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က စီမံကိန်းလုပ်ငန်းများအောင်မြင်စေရန် ပံ့ပိုးပေးမည့်အခြေအနေနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မဲဘောင် နောင်လုံချောင်းဒေသ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများကို ဘားအံမြို့နယ်မဲဘောင်နောင်လုံချောင်းဒေသရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်၊ လက်ရှိစိုက်ပျိုးမြေဧကများ သီးထပ်စိုက်ပျိုးနိုင်ရန်နှင့် လုပ်မြေမြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုအခါ အကျိုးပြုဧက ၃၀၀၀ကို ဖော်ထုတ်နိုင်ခဲ့ပြီး မဲဘောင် နောင်လုံချောင်းဒေသလုပ်မြေ၊မြေရိုင်းဖော်ထုတ်ခြင်းလုပ်ငန်းကို ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်ရန်လျာထားသော်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ လုပ်ငန်းကာလသုံးနှစ်ဖြင့် အပြီးဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်းတစ်ခုလုံးပြီးစီးပါက ဧက ၂၅၀၀၀ ကျော် အကျိုးပြုနိုင်မည်ဟု သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘားအံမြို့ ဓမ္မပီယဘေးမဲ့ကျောင်း မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနအား ပူဇော်ကန်တော့ပြီး သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝိပဿနာရှုပွားနည်းဟောပြောမည်

ရန်ကုန် အောက်တိုဘာ ၂၆

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အံ့ကြီး)က နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သား ဓမ္မာရုံကြီးတွင်လည်းကောင်း၊ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရသိမ်ဖြူတော်ကြီးတွင်လည်းကောင်း ကိုယ်တွေ့ဝိပဿနာရှုပွားနည်းများကို ဟောပြောမည်ဖြစ်ရာ မည်သူမဆို အားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မုန်တိုင်းငယ်ကြောင့်မိုးရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၆

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ရောက်ရှိနေသည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။

အဆိုပါ အခြေအနေကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်သည်။

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် အောက်တိုဘာ ၂၆

၂၀၀၃ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၉ နာရီ ၁၆မိနစ် ၀၂ စက္ကန့် အချိန်တွင် မန္တလေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက်မိုင် ၁၂၀၀ ခန့်ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယမန်နေ့က ထုတ်ပြန်သည်။

ဒါတွေကိုသိဖို့လိုတယ်

- မြှောက်တိုင်းလည်း မမြှောက်နဲ့
- ချောက်တိုင်းလည်း မကြောက်နဲ့
- ချော့တိုင်းလည်း မပျော့နဲ့



စင်ကာပူ-ကူမင်းရထားလမ်းဆက်သွယ်မှုစီမံကိန်း မြန်မာနိုင်ငံကအပြည့်အဝထောက်ခံ

ပူးတွဲသတင်းထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တွင်ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ (၉)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပါသည်။ ၎င်းမတိုင်မီ (၁၆)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပါသည်။ (၉)ကြိမ်မြောက် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Chhin Kong Hean က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၂။ ဝန်ကြီးများသည် အလွတ်သဘောဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး ၎င်းတွင် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ရက်နှင့် ၈ရက်တို့၌ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပခဲ့သော (၉)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ အာဆီယံခေါင်းဆောင်ကြီးများချမှတ်ခဲ့သော အာဆီယံ ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် ကျယ်ပြန့်လေးနက်သောမူဝါဒနှင့် အစီအစဉ်ညွှန်ကြားချက်များအပေါ် ပွင့်လင်းစွာ သဘောထားအမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။ အထူးသဖြင့် စိန်ခေါ်မှုအသစ်များနှင့် အခွင့်အလမ်းများတို့ကို ဆွေးနွေးခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား

၃။ (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက်ရောက်ဖွင့်လှစ်ခဲ့ပါသည်။ ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းတွင် ဝန်ကြီးချုပ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပခဲ့သော နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကျင်းပပြီး ရက်သတ္တပတ် နှစ်ပတ် မပြည့်မီမှာပင် ဤအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည့်အတွက် ဤအစည်းအဝေးသည် အလွန်ထူးခြားသော အစည်းအဝေးဖြစ်သည်ဟု ယူဆကြောင်း၊ တစ်ခုတည်းသော အာဆီယံဈေးကွက် ဖြစ်ပေါ်လာရေးနှင့် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပေါ်လာစေရန်အတွက် အာဆီယံနိုင်ငံအားလုံးကို ဆက်စပ်ထားသော ပို့ဆောင်ရေးကွန်ရက်၏အရေးပါမှုမှာ အထူးပြောစရာပင် မလိုအပ်ကြောင်း၊ နိုင်ငံတွင်းတွင် အခြေခံအဆောက်အအုံများ တိုးတက်သည်နှင့်အမျှ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် တောင်အာရှတို့အကြားလည်းကောင်း၊ တရုတ်ပြည်နှင့်လည်းကောင်း ဆက်စပ်ပေးသော ပို့ဆောင်ရေးအချက်အချာတစ်ခု ဖြစ်လာနိုင်ကြောင်း၊ စင်ကာပူ-ကူမင်း ရထားလမ်းဆက်သွယ်မှုစီမံကိန်းကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ အခိုင်အမာ ထောက်ခံပါကြောင်း၊ စင်ကာပူ-ကူမင်း ရထားလမ်းကြောင်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြန်မာနိုင်ငံနှင့်ဆက်သွယ်မည့် ရထားလမ်းပိုင်း ဆောက်လုပ်ရေးစီမံကိန်းကို လိုအပ်သောကူညီပံ့ပိုးမှု ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်သွယ်မည့် ရထားလမ်းတည်ဆောက်မှုသာပြီးစီးပါက စင်ကာပူ-ကူမင်း ရထားလမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများအားလုံးကို ဆက်သွယ်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းထဲမှ ပို့ဆောင်ရေးကဏ္ဍ

၄။ အာဆီယံပို့ဆောင်ရေးဝန်ကြီးများသည် အာဆီယံဒေသ စီးပွားရေးစုစည်းညီညွတ်မှု၏ ပန်းတိုင်အဖြစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ကို ၂၀၂၀ ပြည့်နှစ် နောက်ဆုံးထား၍ ဖန်တီးတည်ဆောက်ရန်ဟူသော (၉)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ကြသည်။ စွမ်းရည်ပြည့်ဝပြီး စုစည်းညီညွတ်သော ပို့ဆောင်ရေးစနစ်တစ်ခုသည် အာဆီယံဒေသတစ်ခုလုံးကို ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင်ဝင်ရောက်သွားစေရုံသာမက ယှဉ်ပြိုင်မှုများ တိုးတက်လာစေပြီး နိုင်ငံခြားမှတိုက်ရိုက်ရင်းနှီးမှုများရရှိလာနိုင်စေကြောင်း ဝန်ကြီးများက ပြန်လည်၍ အခိုင်အမာသဘောတူညီခဲ့ကြသည်။

၅။ ဝန်ကြီးများသည် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ဖန်တီးနိုင်စေရန်အတွက် ဒေသတွင်းနည်းလမ်းစုံဖြင့် ပို့ဆောင်ရေးတိုးတက်ဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၊ လူနှင့်ကုန်စည်စီးဆင်းသွားလာမှုတိုးတက်လွယ်ကူစေသည့် ကိစ္စရပ်များ၊ လေကြောင်းနှင့်ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေမည့်ကိစ္စရပ်များ၊ စွမ်းရည်ပြည့်ဝသောပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အထောက်အကူပြုသည့်ပံ့ပိုးမှုစနစ်များတိုးတက်စေမည့်ကိစ္စရပ်များစသည်တို့ကို တိုးမြှင့်လုပ်ဆောင်ကြရန်သဘောတူညီခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက အဆင့်မြင့်အရာရှိကြီးများအား ၂၀၀၅-၂၀၁၀ခုနှစ်အတွက် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်များကို (၁၀)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးတွင်တင်ပြနိုင်စေရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြရန် တာဝန်ပေးအပ်ခဲ့သည်။

၆။ လေကြောင်းသွားလာမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်ဟူသော အာဆီယံခေါင်းဆောင်များ၏ ညွှန်ကြားချက်နှင့်အညီ အာဆီယံဒေသလွတ်လပ်သောလေကြောင်းပျံသန်းမှုအစီအစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသဆိုင်ရာလုပ်ငန်းစီမံချက်အား သက်ဆိုင်ရာအရာရှိများ အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ကနဦးအဆင့်အနေဖြင့် အာဆီယံဒေသအတွင်း ကုန်စည်နှင့်ခရီးသည် လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း လွတ်လပ်စွာဆောင်ရွက်နိုင်မည့်လမ်းညွှန်မှုတစ်ရပ်အနေဖြင့် "အာဆီယံယှဉ်ပြိုင်စနစ် လေကြောင်းဝန်ဆောင်မှု မူဝါဒဆိုင်ရာလမ်းပြမြေပုံ"ကို အတည်ပြုချမှတ်ခဲ့ပါသည်။

ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး ကနဦးအစီအစဉ်များကိုရှေ့ဆက်အကောင်အထည်ဖော်ခြင်း

၇။ ဝန်ကြီးများသည် အာဆီယံ ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်များကို အပြီးသတ်ဆောင်ရွက်နိုင်ရန် ရွေးချယ်သင့်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ 'အာဆီယံနယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးသဘောတူညီချက်'ကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်စေရန်လည်း ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် 'အာဆီယံ နိုင်ငံအချင်းချင်း ပို့ဆောင်ရေးသဘောတူညီချက်'နှင့် 'အာဆီယံနည်းလမ်းစုံဖြင့် သယ်ယူပို့ဆောင်ရေး သဘောတူညီချက်'တို့ကို (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးခဲ့ကြပါသည်။

ပို့ဆောင်ရေးစီမံကိန်းနှင့်လုပ်ငန်းများပုံမှန်တိုးတက်လာမှု

၈။ အာဆီယံအဝေးပြေးလမ်းမကြီးများနှင့် ရထားလမ်း အခြေခံအဆောက်အအုံစီမံကိန်း မဟာဗျူဟာမြောက် အစီအစဉ်များ၊ ကုန်း၊ ရေ၊ လေ ပို့ဆောင်ရေးကဏ္ဍနှင့် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာမြောက် အစီအစဉ်များ စသည်တို့ကို အကောင်အထည်ဖော်နိုင်ခြင်းအပေါ် ကျေနပ်အားရကြောင်း ဝန်ကြီးများက ပြောကြားခဲ့သည်။ တရုတ်၊ ဂျပန်တို့နှင့် တိုတောင်းသောကာလအတွင်း ပူးပေါင်းဆောင်ရွက်နိုင်မှုကို ကြိုဆိုကြောင်း ပြောကြားခဲ့ပြီး အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများ (ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား)၊ ဂျာမနီနိုင်ငံ၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ နိုင်ငံတကာ ရေကြောင်းအဖွဲ့အစည်း စသည်တို့၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်သော စီမံကိန်းများကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ဤအစပြု ဆောင်ရွက်မှုများသည် အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု စီမံချက်များ ၂၀၀၅-၁၀၁၀ရေးဆွဲရာတွင် အရေးပါသောအချက်များဖြစ်သည်။

(၁၀)ကြိမ်မြောက်အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး

၉။ (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၀၄ ခုနှစ် အောက်တိုဘာတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

၁၀။ (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတွင် တက်ရောက်သော ဝန်ကြီးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) H.E .Pehin Dato Haji Zakaria Sulaiman ဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ။
(ခ) H.E .Mr. Chhin Kong Hean ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဦးစီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ။
(ဂ) H.E .Mr. Agum Gumelar ဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံ။
(ဃ) H.E .Mr. Bouathong Vonglokham ဝန်ကြီး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စာတိုက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လာအိုနိုင်ငံ။
(င) H.E.Dato' Chan Kong Choy ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မလေးရှားနိုင်ငံ။
(စ) H.E. Major General Hla Myint Swe ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ။
(ဆ) H.E. Mr. Arturo T. Valdez ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဖိလစ်ပိုင်နိုင်ငံ။
(ဇ) H.E. Mr. Yeo Cheow Tong ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စင်ကာပူနိုင်ငံ။
(ဈ) H.E. Mr. Nikorn Chamnong ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ။
(ည) H.E Mr. Pham The Minh တွဲဖက်ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗီယက်နမ်နိုင်ငံ။
(ဋ) H.E. Mr. Ong Keng Yong အာဆီယံအတွင်းရေးမှူးချုပ်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများ ကောဒသမအကြိမ်ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး မိသားစုက ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်သံဃာတော်များအား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၅နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာစေတီတော်ဝင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးနှင့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဒဂုံပရိယတ္တိစာသင်တိုက်ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မိသားစုတို့က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းကာ ရေစက်ချအမျှပေးဝေကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးဒေါ်ကြည်ကြည်ဝင်းနှင့်ဝန်ထမ်းမိသားစုတို့ကဆရာတော်သံဃာတော်များအား နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမိသားစုများ၏ ကောဒသမအကြိမ် ဘုံကထိန်သင်္ကန်းကပ်လှူပွဲ အစီအစဉ်များကို နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် ဆရာစံရပ်ကွက် မိုးကုတ်ဝိပဿနာဇနိတာရာမကျောင်းတိုက်ကြီး၌ ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် အစ်မကြီးဖြစ်သူ ဒေါ်သောဘိကြိုင်တို့အားရည်စူး၍ ဦးမောင်လှိုင်-ဒေါ်မြင့်မြင့်ကြိုင်မိသားစု အမှတ် ၇၃ ၁၂၄ လမ်း မင်္ဂလာတောင်ညွန့်က မတည်လှူဒါန်းပြီး ဓမ္မမိတ်ဆွေများစုပေါင်းပါဝင်လှူဒါန်းသော (၂၃)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကြီးကို နိုဝင်ဘာ၂ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၆

အဖွဲ့အစည်းများ၊တစ်ဦးချင်းအလှူရှင်များ ပစ္စည်းမှန်၊ ဈေးနှုန်းသက်သာစွာဖြင့်လှူဒါန်းနိုင်ရန် ကျားသင်္ကန်းတိုက် ဦးကျင်စွမ်း-ဒေါ်ကျင်ရွှေတို့၏သားကြီး ဦးမျိုးမြင့်-ဒေါက်တာဒေါ်ညွန့်ညွန့်ရီတို့၏ ဟိုင်းမင်းသင်္ကန်းတိုက်၌ ဝိနည်းတော်နှင့်အညီ အလျားအနံပြည့် အသစ်ချုပ်စီဝိုင်စီ ရဟန်းဒွိစုံ၊ ဟိုင်းမင်း ပေါပလင်ရဟန်းဒွိစုံ ကထိန်သင်္ကန်းအမျိုးမျိုးနှင့် လှူဖွယ်ပစ္စည်းအစုံအလင်ကို အထူးနှုန်းဖြင့် ဝယ်ယူနိုင်ပြီဖြစ်ရာ ဟိုင်းမင်းသင်္ကန်းတိုက် အမှတ် ၁၄၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၊ ဗိုလ်တထောင်ဈေးလမ်းနှင့် ၅၆ လမ်းတိုထိပ်၊ ပုဇွန်တောင်ကြက်တန်း၊ ရန်ကုန်မြို့ ဖုန်း-၇၂၁၅၂၂ ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ၁၃ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ၁၃ ရက်မြောက်နေ့ပြိုင်ပွဲ အစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် ကောဒသမ အကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ် ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပရာသို့ ကောဒသမ အကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ် ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင်များ ဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန

(ခ)စံပယ်ဖြူသိန်း၊ ပဲခူးတိုင်းမှ မနုနု ဝင်း၊ မန္တလေးတိုင်းမှ မမို့မို့ရီ၊ စစ်ကိုင်း တိုင်းမှ မနှင်းနှင်းအောင်၊ ချင်းပြည်နယ် မှ မရို့စ်စလီဗန်ထာ ချင်းထွေး၊ ကယားပြည်နယ်မှ နော်ရို့စ်မေရီလင်း၊ ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၊ မွန် ပြည်နယ်မှ မသန့်ရည်မွန်၊ မန္တလေး တိုင်းမှ မငြိမ်းငြိမ်းအေး၊ ကချင် ပြည်နယ်မှ မသဥ္ဇာဦး၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ မကွေးတိုင်းမှ မနန်း ကေသီနှင့် ဧရာဝတီတိုင်းမှ မဇင် ပြည့်ပြည့်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ဦးဝင်းကျော်ကျော်၊ ရန်ကုန်တိုင်းမှ ဦးမင်းယု၊ မွန်ပြည်နယ်မှ ဦးသောင်း တင်ဌေး၊ ပဲခူးတိုင်းမှ ဦးအေးသန်း၊ ကရင်ပြည်နယ်မှ ဦးမိုးခင်ကျော်နှင့် မန္တလေးတိုင်းမှ မန္တလေး ရှိုင်းဗိုလ်တို့ ရေးစပ် သီကုံးခဲ့ကြသော သီချင်း စာသားများကို အနုပညာရှင်များနှင့် တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ကြသည်။

အိုးစည်အတီးပြိုင်ပွဲ

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ အိုးစည်အတီး

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အဆင့်မြင့်ပညာ အဆင့် အမျိုးသားအိုးစည်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူး ချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းနှင့် လုပ်ငန်းကော်မတီဝင် များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ် ကျေးမှုအနုပညာကို လေးစားချစ်ခင် မြတ်နိုးကြသူများ၊ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကမ္ဘာလှည့်ခရီး သည်များ၊ ကျောင်းသား ကျောင်းသူ များ တစ်ခဲနက် တက်ရောက် ကြည့်ရှု နားသောတဆင် အားပေးကြသည်။

အဆိုပြိုင်ပွဲ

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲများ၏ ၁၃ ရက် မြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက် ကျင်းပရာ ရှေးဦးစွာ အခြေခံပညာ အဆင့် အသက် (၁၀-၁၅)နှစ် (အမျိုး သမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို ကျင်းပရာ တယောကိုပါ ရေးစပ် သီကုံးပြီး ထားထားဦးသီဆိုသည့် 'အောင်ခြင်း ရှစ်ဖြာမင်္ဂလာ'သီချင်းဖြင့် တနင်္သာရီတိုင်းမှ မဖြူဖြူဆွေ၊ ကရင် ပြည်နယ်မှ မဝတ်ရည်ထက်၊ ရန်ကုန် တိုင်းမှ မအေးမြတ်နိုးခင်နှင့် မဖြူစင်သူ

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည် ကျင်းပရာ ပညာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း ကာလ ပေါ် တေးအဆိုပြိုင်ပွဲ၌ မန္တလေး ဦးဘသိန်း ရေးစပ်သီကုံးပြီး ကိုအံ့ကြီး သီဆိုသည့် 'စိမ့်ကြီးမြိုင်ကြီး' သီချင်း ဖြင့် ပဲခူးတိုင်းမှ ဦးမြဝင်း၊ မွန် ပြည်နယ်မှ ဦးမင်းဟန်၊ မကွေးတိုင်းမှ ဦးမောင်မောင်သိန်း၊ ဧရာဝတီတိုင်းမှ ဦးမြင့်အောင်၊ ရန်ကုန်တိုင်းမှ ဦးကံ၊ မန္တလေးတိုင်းမှ ဦးသက်နိုင်၊ ရန်ကုန် တိုင်းမှ ဦးဇော်မင်းထွန်း၊ ရခိုင် ပြည်နယ်မှ ဦးဦးမောင်သိန်း၊ စစ်ကိုင်း တိုင်းမှ ဦးမြင့်လွင်၊ မန္တလေးတိုင်းမှ ဦးစိုးတင့်နှင့် ကယားပြည်နယ်မှ ဦးသိန်းတန် (ခ) ဦးထွန်းသန်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ၏ ၁၃ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ် များကို ညနေ ၃ နာရီ ၅ မိနစ်တွင် ရပ်နားလိုက်သည်။

သီချင်းများယှဉ်ပြိုင်

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ ပညာရှင်အဆင့် အရေးပြိုင်ပွဲဝင်များ၏ သီချင်းများ ယှဉ်ပြိုင်ခြင်းကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ပညာရှင်အဆင့် အရေးပြိုင်ပွဲ၌ 'မြန်မာ့အလှ မြန်မာ့ဘဝ' သီချင်း ခေါင်းစဉ်ဖြင့် ဧရာဝတီတိုင်းမှ ဦးစိုး မောင်(ခ)ဦးဉာဏ်ဝင်းမောင်၊ ကယား ပြည်နယ်မှ ဦးစိုးမိုးအောင်(မြန်မာစာ)၊ မန္တလေးတိုင်းမှ ဦးစောကျော်မင်းမူ၊ ရန်ကုန်တိုင်းမှ ဦးစိုးထွဋ်ခိုင်၊ စစ်ကိုင်း တိုင်းမှ ဦးကျော်ဖလေး၊ ချင်းပြည်နယ်မှ မြေလတ်ဘုန်းကျော်၊ ရခိုင်ပြည်နယ်မှ

ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အဖွဲ့လိုက် အိုးစည်အတီး ပြိုင်ပွဲကို စတင်ကျင်းပရာ ရန်ကုန် တိုင်းမှ မောင်ကျော်ကျော်ထွန်းနှင့် အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင် မင်းထူးနှင့်အဖွဲ့၊ဧရာဝတီတိုင်းမှ မောင် ချစ်စိုးဝေနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်မင်းသိန်းထွန်းနှင့်အဖွဲ့၊မန္တလေး တိုင်းမှ မောင်အောင်သိန်းမြင့်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာထွန်းဝေ နှင့်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာ အဆင့် အသက်(၁၀-၁၅)နှစ် (အမျိုး သား)အိုးစည်အတီးပြိုင်ပွဲကိုဆက်လက် ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်ဘိုဘို နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ကျော် စွာဝင်းမြင့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ဟိန်းကိုကိုနှင့်အဖွဲ့၊ မန္တလေး တိုင်းမှ မောင်သုတထွန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်လှကျော် (ခ) ရဲမင်းနှင့်အဖွဲ့နှင့် ကယားပြည်နယ်မှ မောင်ထွန်းဖေ(ခ) လောရင့်စ်နှင့်အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင် ကြသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ ဆိုင်း(တစ်ဦး ချင်း)ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပ သည်။

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုး သမီး) ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲတွင် 'ခိုင်ပန်းစုံမှုန်မာလာ'(ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ ဒိုဗိုလ်မက ပြိုင်ပွဲဝင်သည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ်(အမျိုးသမီး) ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲတွင် 'ရွှေနန်း အောင်ချာ'(ကြိုး)သီချင်းဖြင့် ဧရာ ဝတီတိုင်းမှ မယုစန္ဒာဝင်း၊ ရန်ကုန် တိုင်းမှ မဝင့်သဉ္ဇာစတင်း၊ မန္တလေး တိုင်းမှ မထက်ထက်လင်း၊ မန္တလေး တိုင်းမှ မရွှေရီဝင်းနှင့် ရန်ကုန်တိုင်းမှ မဇာဇာလင်း (ခ) ပေါက်ကျော်မတို့ ပြိုင်ပွဲဝင်ကြပြီ ပြိုင်ပွဲကို ခေတ္တရပ်နား သည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာ အဆင့် အသက်(၅-၁၀)နှစ် (အမျိုး သမီး) ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'သာယာ'(ကြိုး) သီချင်းဖြင့် ကရင်ပြည်နယ်မှ မဝင်း နန္ဒာလွင်၊ မန္တလေးတိုင်းမှ မစိုးစန္ဒာ ထွန်း၊ ရန်ကုန်တိုင်းမှ မဇာနည်နန်း လွင်၊ ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ်၊ ကချင်ပြည်နယ်မှ မကြည်ကြည်သာ၊ ဧရာဝတီတိုင်းမှ မဇာဇာစိုးနှင့် မန္တလေး တိုင်းမှ မစံပယ်ဖွေးတို့ ပြိုင်ပွဲဝင်ကြ သည်။

အောက်တိုဘာ ၂၇ ရက်တွင် ကော ဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည် ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့်ငပလီ အထွေထွေလုပ်ငန်းစုလီမိတက် (ရွှေမြန်မာအဆင့်မြင့်အိမ်ရာစီမံကိန်း) တို့ ပူးပေါင်းကျင်းပသည့် ရွှေမြယာဖလား အမျိုးသား၊အမျိုးသမီးဖိတ်ခေါ် ဟော်ကီပြိုင်ပွဲကျင်းပရေးအတွက် အောက်တိုဘာ ၂၄ ရက်က ငပလီအထွေထွေလုပ်ငန်းစုလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးမြင့်နိုင်နှင့် ဒါရိုက်တာ ဦးမြင့်ဇော်တို့က အလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်ထံ ပေးအပ်စဉ်။ (၂၁၀)

ကျားသက်နှင်းတိုက်

ပဒိုင်းမင်းသက်နှင်းတိုက်

မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေးထွက်ကုန်စုံပြပွဲ ၂၀၀၃

INVITATION

MYANMAR BUSINESSMEN AND ENTREPRENEURS ENGAGED IN THE BUSINESS OF MARINE PRODUCTS, FROZEN FOODS, SEAFOOD AND LIVESTOCK FARMING ARE CORDIALLY INVITED TO PAY A VISIT TO

THAILAND PAVILION

AT

MYANMAR FISHERY & LIVESTOCK FAIR ' 2003

YANGON TRADE CENTRE

31 OCT - 04 NOV 2003

10:00 AM - 06:00 PM

ထိုင်းပြခန်းသို့ လာရောက်ကြပါရန် ဖိတ်ခေါ်ပါသည်

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ ➥		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဓာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အတီး	အတီး	အတီး
၁၄	၂၇-၁၀-၂၀၀၃ (တနင်္လာနေ့)	**မဟာဂီတ** (၁) ဝါသနာရှင် (ကျား) **(နံနက်)** (၂) အခြေခံ (၅-၁၀) (မ) **(နေ့လယ်)**	**အိုးစည်** (၁) ပညာရှင် **(နံနက်)** (၂) အခြေခံ(၁၅-၂၀)**(နေ့လယ်)**	**ပတ္တလား** (၁) အခြေခံ(၁၀-၁၅) (မ) **(နံနက်)**	**ဆိုင်းတစ်ဦးချင်း** (၁) အဆင့်မြင့် (ကျား) **(နံနက်)** (၂) ဝါသနာရှင်(ကျား) **(နေ့လယ်)**

(ဆက်လက်ဖော်ပြပါမည်။)

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ အစည်းအဝေး တိုင်းမှူးအမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးနှင့် မြန်မာပြည်အရပ်ရပ်ရှိဒေသများသို့ နေ့စဉ်သွားလာလျက် ရှိသည့် ခရီးသွား ပြည်သူများ၊ ရန်ကုန်တိုင်းအတွင်း နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသည်တင် ဘတ်စကားများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် ဘတ်စကားများကို တာဝန်ရှိသူအဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့ပါးလာကြောင်း၊ လုံးဝပပျောက်မှု မရှိသေးသည့်အတွက် ဆက်လက်ပြီး ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၂၄ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမိသားစု၏ ဆဋ္ဌမအကြိမ် ကထိန်လျာသင်္ကန်းကပ်လှူပွဲသို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပန်းရိုးမပြက္ခဒိန်နှင့် ဒိုင်ယာရီများဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၅

မန္တလေးတိုင်း သမဝါယမ အသင်းစုချုပ်က ထုတ်ဝေသော ၂၀၀၄ ခုနှစ် ငွေရတုအထိမ်းအမှတ် ပန်းရိုးမပြက္ခဒိန်များကို စာနယ်ဇင်းအရောင်းဆိုင် ၂၆ × ၈၄လမ်း၊ ဈေးချိုမန္တလေး၊ ဖုန်း–၀၂၆၀၇၄၂၊ ၀၂၃၈၅၀၆။ ရန်ကုန်အရောင်းဆိုင်ခွဲအမှတ်–၄၇၀၊ မဟာဗန္ဓုလလမ်း၊ ဖုန်း–၀၁–၃၈၁၇၇၉ တို့တွင် ဝယ်ယူရရှိနိုင်သည်။ မြန်မာ့ရှုခင်းဓာတ်ပုံများ(၂၀လက်မ × ၃၀ လက်မ) ဓာတ်ပုံပြက္ခဒိန်၊ တိုင်းရင်းသားရိုးရာဓလေ့များ ပန်းချီပြက္ခဒိန်၊ ကွယ်လွန်သွားကြသော ပန်းချီဆရာကြီးများ ငွေရတုဂါရဝပြု ပြက္ခဒိန်နှင့် ပန်းရိုးမ ဒိုင်ယာရီများလည်း ရောင်းချသည်။ **(က–ပ)**

အောက်တိုဘာ ၂၄ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ (၃) မြို့ပြမွမ်းမံသင်တန်းဆင်းပွဲတွင် သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ (ဆောက်လုပ်ရေး)

စာရေးဝန်ထမ်း သင်တန်းဆင်းပွဲများ ကျင်းပ ဒုတိယဝန်ကြီး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ယမန်နေ့နံနက်ပိုင်းရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁) ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၇)နှင့် အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲများသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၇)၌ စံပြသင်တန်းသားဆုရရှိသူ ဦးကိုကိုထွန်းနှင့် စာပေထူးချွန်ဆု ရရှိသူ ဦးအောင်ကျော်ဟိုး၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၈)၌ စံပြသင်တန်းသားဆုရရှိသူ ဦးအေးနိုင်တို့အား ဆုများ ချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။

စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၇)တွင် စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၆၀ နှင့် စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၈)တွင်သင်တန်းသား၂၉ဦးစုစုပေါင်း သင်တန်းသား ၈၉ဦးတို့ တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်း ကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ္တမြားငမောက်စာပေ အမှတ် ၁၆၈၊ ၃၃ လမ်း၊ ရန်ကုန်မြို့ ဖုန်း–၂၈၃၃၈၇ က ထုတ်ဝေဖြန့်ချိသော ဆရာကြီး လှသမိန်၏ English Usage စာအုပ်မျက်နှာဖုံး။ (က–ပ)

အောက်တိုဘာ ၁၈ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် အငယ်တန်းအင်ဂျင်နီယာ–၂ (မြို့ပြ) ဦးခင်မောင်ဖြူတို့ မြို့တွင်းလမ်းများ ပြုပြင်ပြီး လမ်းပေါက်ဖာထေးမှု အခြေအနေကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့တုန်းတာ ကုန်စည်ပြပွဲ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာကုန်စည်ပြပွဲကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် အထည်အလိပ်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စာသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ အားကစားသုံးပစ္စည်းအမျိုးမျိုးနှင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး ခင်းကျင်းပြသမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် ပန်းချီရေးဆွဲယှဉ်ပြိုင်ပွဲကို ဝါသနာရှင်အဆင့်တွင် ဆောင်းရာသီအလှ၊ အထက်တန်းနှင့် အလယ်တန်း အဆင့်တွင် သဘာဝ ရှုမျှော်ခင်းနှင့် မူလတန်းအဆင့်တွင် ဆေးရောင်စုံခြယ်ခြင်းတို့ဖြင့် ကျင်းပ မည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် လိုသူများနှင့် ပါဝင်ခင်းကျင်းပြသ လိုသူများသည် Star Intertainment Co., Ltd. ဖုန်း–၅၇၃၁၄၈၊ ၇၂၂၃၇၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



လှိုင်ဆမ်ဆစ်စာပေ ၉၆/၄ လှော်၊ လှည်းတန်းလမ်း လမ်းမတော်မြို့နယ်က ထုတ်ဝေသည့် မောင်စိန်ဝင်း (ပုတီးကုန်း)၏ ပန်းတောမှာကြွေနေသည် စာအုပ်မျက်နှာဖုံး။ (က–ပ)

ရှင်းလင်းပြောကြား

အသက် ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား မြို့နယ်အဆင့်အစုလိုက် ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်း စီမံချက်အသိပေး ရှင်းလင်းပွဲနှင့် တီဘီရောဂါကုထုံးသစ်(4-FDC)အကြောင်းရှင်းလင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က သင်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ(ဓာတ်ပုံ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းဌေး ရှင်းလင်းပြောကြားစဉ်။ (၀၅၂)

ကံထူးရှင်များဆုများချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၅

ဟန်မြန်မာမိသားစု၏ နေရှင်နယ်တံဆိပ်မီးချောင်းအပိုင်းများ အရောင်းမြှင့်တင်ရေး အစီအစဉ်အဖြစ် ကံထူးရှင်ရွေးချယ်ပွဲကို အောက်တိုဘာ ၉ ရက်က ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပခဲ့ရာ ပထမဆု ၂၉ လက်မ ရောင်စုံ ရုပ်မြင်သံကြားစက်ကို မောင်သန်းထွန်းအောင် ၁၂/ပဘတ(နိုင်)၀၂၀၄၆၉ က ဆွတ်ခူးခဲ့ပြီး ၁၄ လက်မ ရောင်စုံ ရုပ်မြင်သံကြားစက် ၁၀ လုံးကို ကိုအောင်မိုး ၁၂/ပဘတ(နိုင်)၀၁၅၃၆၈၊ ကိုအောင်ထွန်းမြင့် ၁၂/ပဘတ(နိုင်)၀၁၃၄၄၅၊ ဦးသန်းဝင်း ၁၂/ပဘတ(နိုင်)၀၁၁၂၆၈၊ ဒေါ်ခင်မာလွင် ၁၂/ပဘတ(နိုင်)၀၂၇၇၃၆၊ ကိုအောင်ဝင်း ၁၂/ပဘတ(နိုင်)၀၁၉၇၆၄၊ မစီမာ ၁၂/ပဘတ(နိုင်)၀၃၀၄၀၅၊ ကိုဖြိုးဝေလှိုင် ၁၃/ကလန(နိုင်)၀၅၄၄၅၆၊ မလှလှခိုင် ၁၂/ဥကမ(နိုင်)၁၇၇၃၂၄၊ ကိုဇော်ဇော်ဦး ၁၂/စခန(နိုင်)၀၅၂၀၁၁၊ မသက်သက်ဝေ ၁၂/မအပ(နိုင်)၁၄၃၉၇၀ တို့မှ ဆွတ်ခူးရရှိကြသည်။ ကံထူးရှင်များသည် အမှတ် ၂၈၅ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း/ ၂၅၆၆၂၀၊၂၅၆၈၂၅၊ ၂၅၆၈၂၆ သို့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ်ပြီး ဆုမဲများကို ထုတ်ယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

သန်လျင်-ကျောက်တန်း ဖွံ့ဖြိုးရေးစီမံကိန်းဒေသမှ မြတ်ရတနာ ခေတ်မီ တန်ဖိုးနည်း အိမ်ရာစီမံကိန်း

သတင်းဆောင်းပါး-ရဲမောင်
ဓာတ်ပုံ-မိုးဇော် (သမဝါယမ)

ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး ခေတ်မီ ဥယျာဉ်မြို့တော်ကြီးအဖြစ် နိုင်ငံတော်က တည်ဆောက်နေပေသည်။

ရန်ကုန်မြို့တော်ကြီးအဆင့်မြင့်တင်ရေးနှင့်တင့်တယ်လှပစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ အိမ်ရာ စီမံကိန်းများနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများကို တည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီး အဆင့်မြင့်တင်ရေးနှင့် အမြင့်တင့်တယ်စေရေး

မြတ်ရတနာ ခေတ်မီတန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကို ဤသို့ စနစ်တကျ သွယ်တန်းပေးထားသည်။



ဆောင်ရွက်နေသည့်နည်းတူ ပြည်နယ်၊ တိုင်းအသီးသီးရှိ မြို့တိုင်းတွင်လည်း မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်အောင် အားထုတ်ကြိုးပမ်းနေကြသည်။

ဤသို့ အိမ်ရာစီမံကိန်းများနှင့် အဆင့်မြင့်အိမ်ရာ စီမံကိန်းများ တည်ဆောက်လျက်ရှိရာတွင် သမဝါယမအသင်းများကလည်း ပါဝင် အားထုတ်ဆောင်ရွက်နေကြသည်ကို အားရဖွယ်တွေ့ရသည်။

သမဝါယမအသင်းများက အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်နေသည်မှာ သန်လျင်မြို့တွင်ဖြစ်သည်။ သမဝါယမ အိမ်ရာစီမံကိန်းသည် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသော သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်း နယ်မြေတွင် ပါဝင်သည်။

သမဝါယမ အိမ်ရာစီမံကိန်းကို နေလအထွေထွေ ထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။ ကျိုက်ခေါက်ဘုရားအနီး အောင်ချမ်းသာတိုးချဲ့ရပ်ကွက် သန်လျင်သီလဝါ ဖွံ့ဖြိုးရေးလမ်းမကြီးပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

သမဝါယမအိမ်ရာစီမံကိန်းကို 'မြတ်ရတနာ ခေတ်မီတန်ဖိုးနည်း အိမ်ရာစီမံကိန်း'ဟု အမည်ပေးထားသည်။ သို့သော် သမဝါယမအိမ်ရာစီမံကိန်းဟု တွင်သည်။ မြတ်ရတနာ ခေတ်မီ တန်ဖိုးနည်း အိမ်ရာစီမံကိန်းအတွက် မြေ ၉ ဒသမ ၈ ဧကခွင့်ပြုချက်ရရှိထားသည်။ မြတ်ရတနာ ခေတ်မီတန်ဖိုးနည်း အိမ်ရာ စီမံကိန်းကို အပိုင်းသုံးပိုင်းခွဲခြား အကောင်အထည်ဖော်လျက်ရှိသည်။

အပိုင်း(၁)တွင် မြေကွက်၆၅ကွက်ဖော်ထုတ်ထားသည်။ ပေ ၄၀xပေ ၆၀ မြေကွက် ၅၈ ကွက်နှင့် ပေ ၆၀x၇၅ ပေ မြေကွက် ခုနစ်ကွက်ပါဝင်သည်။ အပိုင်း(၂)တွင် ပေ ၄၀xပေ ၆၀ မြေကွက် ၂၇ ကွက်၊ ပေ ၆၀x၇၅ ပေ မြေကွက်ခြောက်ကွက်နှင့် ပေ ၆၀x ၈၅ပေ မြေကွက် ၁၂ ကွက် စုစုပေါင်း ၄၅ ကွက် ဖော်ထုတ်ထားသည်။ အပိုင်း(၃)တွင် ပေ ၄၀xပေ ၆၀ မြေကွက်များ ချည်း ဖော်ထုတ်ထားရာ မြေကွက်ပေါင်း ၁၂၀ ရှိသည်။ အိမ်ရာစီမံကိန်းတစ်ခုလုံးတွင် မြေကွက်ပေါင်း ၂၃၀ ရှိသည်။

'မြတ်ရတနာအိမ်ရာစီမံကိန်းသည် တန်ဖိုးနည်းအိမ်ရာစီမံကိန်းဖြစ်ကြောင်း၊ အမှန်တကယ် နေထိုင်မည့်သူများအတွက် ရည်ရွယ်ကြောင်း၊ ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ မြို့တော်တွင် မြေဈေး၊ အိမ်ဈေးများ အဆမတန်ကြီးမြင့်ခြင်း မရှိအောင်ထိန်းသိမ်းရေးစသည့်မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ၏ ဦးတည်ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း' ဖြင့် မြတ်ရတနာ ခေတ်မီတန်ဖိုးနည်း အိမ်ရာစီမံကိန်းကို ဦးဆောင် အကောင်အထည်ဖော်သူ နေလအထွေထွေထုတ်လုပ် ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌဦးမြင့်ဦးက ရှင်းပြသည်။

မြတ်ရတနာ ခေတ်မီတန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် လျှပ်စစ်မီးတိုင်၊ ကွန်ကရစ်လမ်း၊ ကွန်ကရစ်ရေမြောင်းများ သန့်ရှင်းသပ်ရပ်စွာ စီစဉ်ထားသည်ကို ဤသို့ တွေ့ရသည်။

မြတ်ရတနာ အိမ်ရာစီမံကိန်းရုံးခန်းတွင် တန်ဖိုးနည်းအိမ်ပုံစံ ငါးမျိုးခင်းကျင်းပြသထားသည်။ အိမ်ပုံစံအလိုက် နေအိမ်အကျယ်အဝန်း၊ အခန်းများ ဖွဲ့စည်းထားပုံ၊ ကျသင့်သည့် တန်ဖိုးများကိုလည်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ခေတ်မီ တန်ဖိုးနည်းအိမ်ရာဆိုသည့်အတိုင်း အများသူငါ လက်လှမ်းတမီ ဝယ်ယူ နေထိုင်နိုင်သော ဈေးနှုန်းများဖြစ်သည်။ မြေကိုပါ ပိုင်ဆိုင်နိုင်သည့် အပြင် ရေအတွက် လက်ဆွဲတုံကင်တစ်ခု၊ ရေလောင်းအိမ်သာနှင့် အိမ်အရောက် လျှပ်စစ်မီးများ သွယ်တန်းပေးသည်ဟု သိရသည်။ အသင့်တက်ရောက်နေထိုင်နိုင်သည်။

မြတ်ရတနာ အိမ်ရာစီမံကိန်း၌ ဆောက်လုပ်ပေးသည့် အိမ်ပုံစံ ငါးမျိုးကို မနှစ်သက်ပါက မြေကွက်ကိုသာ ရယူပြီး မိမိကြိုက်နှစ်သက်သည့် အိမ်ပုံစံမျိုး တည်ဆောက်နေထိုင်နိုင်သည့် အစီအစဉ်ကိုလည်း ရွေးချယ်နိုင်သေးသည်။ မြေကွက်သာ ရယူပြီး ကိုယ်ပိုင် ဒီဇိုင်းဖြင့် နေအိမ်တည်ဆောက်လိုသူများအတွက် ကန့်သတ်ချက်တော့ရှိသည်။ သတ်မှတ်ကာလအတွင်းနေအိမ်အပြီး တည်ဆောက်ရသည်။ သတ်မှတ်ကာလအတွင်း အပြီးမတည်ဆောက်နိုင်ပါက အိမ်ရာစီမံကိန်းက မြေကွက်ကို ပြန်လည်ရယူမည်ဖြစ်ကြောင်းလည်း သိရသည်။

မြတ်ရတနာ ခေတ်မီတန်ဖိုးနည်း အိမ်ရာစီမံကိန်းမှာ လူကြိုက်များကာ အောင်မြင်မှု ရလျက်ရှိသည်။ အိမ်ရာစီမံကိန်းကိုအပိုင်းသုံးပိုင်းဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အပိုင်း (၁)၊ အပိုင်း(၂) အိမ်ရာစီမံကိန်းများ အောင်မြင်စွာ ရောင်းချရပြီးဖြစ်ကြောင်း သိရသည်။ စီမံကိန်း တစ်ခုလုံး၏ ၅၀ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီဟု ဆိုရမည်။ ယခုအခါ အပိုင်း(၃)မှ ပေ၄၀×ပေ၆၀ မြေကွက် ၁၂၀ စတင် ရောင်းချလျက်ရှိရာ ကြည့်ရှုလေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိနေသည်။

မြတ်ရတနာ ခေတ်မီတန်ဖိုးနည်းအိမ်ရာ စီမံကိန်းမှ ကိုယ်ပိုင်ဒီဇိုင်းဖြင့် တည်ဆောက်ထားသောလုံး ချင်း တိုက်တစ်လုံး။

မြတ်ရတနာ ခေတ်မီတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအပိုင်း(၁)နှင့် အပိုင်း (၂)အတွင်း ကွင်းဆင်းလေ့လာခွင့်ရခဲ့သည်။ အိမ်ရာများကို ခေတ်မီမြို့ပြများအတိုင်း စနစ်တကျအကွက်ချ ဖွဲ့စည်းထားသည်။ လမ်းမကြီးနှင့် လမ်းသွယ်များအားလုံး ကွန်ကရစ်လမ်းများဖြစ်သည်။ ကွန်ကရစ်လမ်းသားများမှာ ခြောက်လက်မထု ရှိသည်ဟု ဆိုသည်။

အထူးသဖြင့် အိမ်ရာစီမံကိန်းအတွင်း ရေစီးရေလာ စနစ်ကို အထူးဂရုစိုက် ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ လမ်းမကြီးနှင့် လမ်းသွယ်တိုင်းတွင် ရေမြောင်းများကို ဖြောင့်တန်းစွာ ဖောက်လုပ်ထားသည်။ ရေမြောင်းများအားလုံး ကွန်ကရစ်ရေမြောင်းများ ချည်း ဖြစ်သည်။ ရေမြောင်းများ အတွင်း ရေရောက်သည်နှင့် လွယ်လင့်တကူ လျှောဆင်းသွားနိုင်အောင်လည်း စီမံထားသည်။ လေ့လာခွင့်ရသည့်အချိန်မှာ မိုးရာသီဖြစ်သော်လည်း ရေမြောင်းများတွင် ရေများမတွေ့ရချေ။ ရေစီးရေလာ စနစ်နည်းတူ လျှပ်စစ်မီးလိုင်းစနစ်မှာလည်း စနစ်တကျ ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

မြတ်ရတနာ အိမ်ရာစီမံကိန်းမှာ လျှပ်စစ်မီးများ ရရှိနေပြီဖြစ်သည်။ သန်လျင်-ကျောက်တန်းလမ်းမကြီးမှ သန်လျင်-သီလဝါ ဖွံ့ဖြိုးရေးလမ်းအတိုင်း မြတ်ရတနာ အိမ်ရာစီမံကိန်းအပိုင်း(၁)ထိ ဓာတ်တိုင်ကြီး ၁၇တိုင် စိုက်ထူကာ ACSR 95 mm ကြိုးပေပေါင်း ၇၅၀၀သွယ်တန်းကာ ထရန်စဖော်မာထိုင်ပြီး လျှပ်စစ်မီးများ ရယူထားသည်။

ယခုအခါ အိမ်ရာစီမံကိန်းတွင် လမ်းမီးများ၊ အိမ်မီးများ ရရှိနေကြပြီဖြစ်သည်။ လျှပ်စစ်မီးများ သွယ်တန်းတပ်ဆင်ရာတွင် သန်လျင် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းက ပံ့ပိုးဆောင်ရွက်ပေးကြောင်း သိရသည်။

မြတ်ရတနာ ခေတ်မီ တန်ဖိုးနည်း အိမ်ရာစီမံကိန်း အပိုင်း(၃) ဖော်ထုတ်နေသည်များကိုလည်း လေ့လာရသည်။ အပိုင်း(၃)တွင် ပေ၄၀× ပေ ၆၀အိမ်ရာကွက်များ ဖော်ထုတ်လျက်ရှိသည်။ မြေကွက်ပေါင်း ၁၂၀ ရှိမည်ဖြစ်သည်။ လမ်းမကြီးနှင့် လမ်းသွယ်များ စတင် အကောင်အထည်ဖော်နေသည်။ အချို့နေရာများတွင် ရေနုတ်မြောင်းအတွက် မြေသားများ တူးဖော်နေသည်ကို တွေ့ရသည်။

နေလအထွေထွေထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ မြတ်ရတနာ ခေတ်မီတန်ဖိုးနည်း အိမ်ရာ စီမံကိန်းသည် နိုင်ငံတော်၏ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ မြို့တော်တွင် မြေဈေး၊ အိမ်ဈေးများ အဆမတန် ကြီးမြင့်ခြင်းမရှိအောင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် သမဝါယမကဏ္ဍ၏ ပါဝင်အားထုတ်မှု တစ်ခု ဖြစ်သည်။

ဤစီမံကိန်းသည် ခေတ်မီတန်ဖိုးနည်း အိမ်ရာစီမံကိန်းဖြစ်ရာ သင့်တင့်မျှတသည့် ဈေးနှုန်းများကြောင့် ကိုယ့်အိမ်ကိုယ့်ရာလေးဖြင့် အေးချမ်းဆိတ်ငြိမ်စွာ နေထိုင်လိုသူများအတွက် နေရာကောင်းတစ်ခုဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

အောက်တိုဘာ ၂၁ ရက်က ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကို (၁)ရပ်ကွက်ရှိ အမက (၄)တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်အမာကြည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြိတ်စာပေ ၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသော တြိစက္က၏ ယောကျ်ားတို့နေရာ စာအုပ်မျက်နှာဖုံး။ (က-ပ)

စိန်စည်သာသနာ့ရိပ်သာ ကထိန်လျှာသင်္ကန်းကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)၄၈ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်ဩဝါဒခံ စိန်စည် သာသနာ့ရိပ်သာ အတွင်း၌ဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော်တို့အား စိန်စည်သာသနာ့ရိပ်သာ ဒါယကာ ဒါယိကာမများ စုပေါင်း၍ ၁၃၆၅ခု တန်ဆောင် မုန်းလဆန်း ၉ ရက် (နိုဝင်ဘာ၂ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ကထိန်လျှာသင်္ကန်း လှူဒါန်း ဆက်ကပ်မည်ဖြစ်၍ အနုမောဒနာ တရားနာကြွရောက်ကြရန် အလှူရှင်များအား နှိုးဆော်ထားသည်။

(က-ပ)

၂၃–၁၀–၂၀၀၃ ရက် နေ့စွဲပါ ဦးမျိုးညွန့် ၉/မရမ(နိုင်) ၀၂၅၃၂၆ နှင့် ၎င်း၏ရှေ့နေများမှ မြန်မာ့အလင်းသတင်းစာပါကြော်ငြာခြင်းအပေါ်

ပြန်လည်ရှင်းလင်းတင်ပြသတိပေးကြေညာခြင်း

ဦးမျိုးညွန့်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မျိုးမြင့်၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူမဟုတ်ပါ။ (S.M Group) ဆောက်လုပ်ရေးလုပ်ငန်းတွင် ယခုအခါ ဒါရိုက်တာအဖွဲ့ဝင်များဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ပါ။ ဦးမျိုးညွန့်သည်ပင်လျှင် ယခုအခါ (S.M Group) ဆောက်လုပ်ရေးလုပ်ငန်းတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမဟုတ်တော့ပါ။ ယင်းလုပ်ငန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးတင်မျိုးမြင့်က မိမိ၏ကိုယ်ပိုင် လုပ်ပိုင်ခွင့်ရှိသည့် လုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။

ကျောက်ဆည်မြို့၊ ဆင်မင်းဘိလပ်မြေစက်ရုံ၏ အဝင်လမ်းမကြီးနှင့် ဝန်ထမ်းအိမ်ရာလမ်းများ၊ အုတ်တံတိုင်းများအပါအဝင် အခြားလုပ်ငန်းများအား လုပ်ကိုင်ပြီးစီးခဲ့ပြီးဖြစ်သည်ဆိုသည်မှာလည်း မမှန်ပါ။ ပြီးစီးသည်ဖြစ်စေ၊ မပြီးစီးသည်ဖြစ်စေ တစ်ချိန်က (S.M Group)ဆောက်လုပ်ရေးလုပ်ငန်းတွင် ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ခဲ့ဖူးကြသည့် ပုဂ္ဂိုလ်လေးဦးတို့နှင့် မပတ်သက်တော့ပါ။

ကျန်ဒါရိုက်တာအဖွဲ့ဝင် လေးဦးတို့သည် (S.M Group)ဆောက်လုပ်ရေးလုပ်ငန်းတွင် ဦးတင်မျိုးမြင့်နှင့် တွဲဖက်ဆက်လက်မဆောင်ရွက်လိုတော့သဖြင့် ၎င်းတို့၏ဆန္ဒအရ အစုရှယ်ယာငွေများအားလုံးတို့အား ထုတ်ယူလျက် (S.M Group)ဒါရိုက်တာအဖွဲ့ဝင်များအဖြစ်မှ ၂၀၀၃ခုနှစ်၊ မေလအတွင်းက နုတ်ထွက်သွားခဲ့ကြပြီး ဖြစ်ပါသည်။

ကျန်ဒါရိုက်တာအဖွဲ့ဝင်များသည် (S.M Group)မှ နုတ်ထွက်သွားခဲ့ကြပြီးဖြစ်၍ ၂၇–၈–၂၀၀၂ နေ့စွဲပါ "အစုစပ်လုပ်ငန်းစာချုပ်"သည် ၎င်းတို့နှင့် မသက်ဆိုင်တော့ပါသဖြင့် ၎င်းစာချုပ်တွင်ပါရှိသည့် စာချုပ်ပါစည်းကမ်းအပိုဒ် ၁၄၊ ၁၅၊ ၁၆ တို့အရ ဦးတင်မျိုးမြင့်အနေနှင့် ဆောင်ရွက်ပေးရန် တာဝန်မရှိပါ။

၁၂–၈–၂၀၀၃ ရက်နေ့က အစည်းအဝေးကျင်းပသည်ဆိုခြင်းမှာ မဟုတ်ပါ။ သာမန်တွေ့ဆုံခြင်းသာဖြစ်ပါသည်။ ၎င်းတို့က စာရင်းရှင်းလင်း အကျိုးအမြတ်ငွေများ တောင်းဆိုခဲ့သည်ဆိုသည်မှာမဟုတ်ပါ။ ဦးတင်မျိုးမြင့်က ဦးစိုင်းဆိုင်မိုင်း ပိုထုတ်ယူထားသောငွေများကို စာရင်းရှင်းလင်းပေးရန်နှင့် တစ်လပြည့်သည့်နေ့တွင် ပြန်တွေ့မည်ဟုသာ ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

၁၃–၉–၂၀၀၃ ရက်နေ့က ဦးတင်မျိုးမြင့်သည် (S.Y) ရုံးခန်းသို့ ရောက်ရှိလာပြီး အစုရှယ်ယာဝင်ဟောင်း လေးဦးနှင့်တွေ့ဆုံကာ အစုရှယ်ယာများ ထုတ်ယူသွားခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းလည်းမလုပ်တော့ကြောင်း၊ (S.M Group) လုပ်ငန်းနှင့် မပတ်သက်တော့ကြောင်း၊ ထို့ကြောင့် အကျိုးအမြတ်များ ခွဲဝေပေးရန်၊ စာရင်းရှင်းလင်းပေးရန်မလိုတော့ကြောင်း၊ ပိုထုတ်ယူထားသည့် ငွေကြေးများနှင့် ဝပ်ရှော့မှယူသော မော်တော်ယာဉ်အား ပြန်ပေးရန်သာ အသိသက်သေများရှေ့တွင်ပြောဆိုပြီး ထွက်ခွာခဲ့ခြင်းဖြစ်ပါသည်။

(S.Y) ရုံးခန်း၌ မူလကပင် မည်သည့်စာရင်းဇယားများကိုမှ မထားရှိပါ။ ကျောက်ဆည်မြို့ရှိ လုပ်ငန်းခွင်ရုံးခန်း၌သာ ထားရှိပါသည်။ လုပ်ငန်းတစ်ရပ်လုံးနှင့် စာရင်းဇယားများအား ဦးတင်မျိုးမြင့်တစ်ဦးတည်းကသာ ကိုင်တွယ်ဆောင်ရွက်ပါသည်။ ကျန်ပုဂ္ဂိုလ်လေးဦးတို့က ဆောင်ရွက်ခြင်းမရှိပါ။ ၎င်းစာရင်းဇယားများအား အဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းရုံးနှင့် လုပ်ငန်းခွင်ရုံးများမှ ဦးတင်မျိုးမြင့်က ရယူသွားခဲ့သည်ဆိုသည်မှာလည်း မဟုတ်ပါ။

သို့အတွက် လူကြီးမင်း ဦးမျိုးညွန့်နှင့် လူကြီးမင်း၏ရှေ့နေများထံ လာရောက်ရှင်းလင်းရန် မလိုအပ်ပါကြောင်းနှင့် လူကြီးမင်းတို့ဘက်မှ မလွှဲမရှောင်သာ ဥပဒေအရ အရေးယူဆောင်ရွက်သွားပါကလည်း ဥပဒေနှင့်အညီ ပြန်လှန်ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြန်လည်အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

ယခင်ကလည်း ဦးမျိုးညွန့်နှင့် ၎င်း၏ရှေ့နေများက ၄–၁၀–၂၀၀၃ နေ့စွဲပါ မန္တလေးနေ့စဉ်သတင်းစာနှင့် ရတနာပုံ နေ့စဉ်သတင်းစာများပါ ကြေညာချက်များအပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဘက်မှလည်း ၆–၁၀–၂၀၀၃ နေ့စွဲနှင့် ၇–၁၀–၂၀၀၃ နေ့စွဲပါအရ အထက် အဆိုပါ သတင်းစာနှစ်စောင်တွင် တိတိကျကျ ပြတ်ပြတ်သားသား ရှင်းလင်းတင်ပြ ကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ပါလျက် လူကြီးမင်း ဦးမျိုးညွန့်နှင့် လူကြီးမင်း၏ရှေ့နေများသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်မျိုးမြင့်အပေါ် ၂၃–၁၀–၂၀၀၃ နေ့စွဲပါ မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် ထပ်မံကြေညာလာပြန်သည်ကို တွေ့ရှိရပါသည်။

လူကြီးမင်းတို့၏ ဆောင်ရွက်ချက်များသည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးတင်မျိုးမြင့်အပေါ် အများပြည်သူအထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်သက်သက်ပြုမူ ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။

လူကြီးမင်းတို့၏ ၂၃–၁၀–၂၀၀၃ နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ ကြေညာချက်အား ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် အကယ်၍ ရုပ်သိမ်းမှုမပြုပါက လူကြီးမင်း ဦးမျိုးညွန့်တို့အပေါ် ဥပဒေရှိသည်နှင့်အညီ ချက်ချင်းအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လှန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးတင်မျိုးမြင့်
၉/မနမ(နိုင်)၀၉၅၉၅၈

လွှဲအပ်ညွှန်ကြားချက်အရ–
၁။ ဦးစိန်မြဦး (B,A. Law.,LL.B)
တရားရုံးချုပ်ရှေ့နေ၊ စဉ်–၁၈၂၃
(မြန်မာအရှေ့တိုင်းဘဏ်နှင့် ရတနာပုံဘဏ်၏ရှေ့နေ)
၂။ ဒေါ်နှင်းနှင်းဝင်း
(B.Sc., HGP., DEL)
အထက်တန်းရှေ့နေ၊ စဉ်–၁၉၂၉၃
(မြန်မာအရှေ့တိုင်းဘဏ်၏ ရှေ့နေ)
၃။ ဦးတင်ဝင်းနိုင်
(B.A.Dip: Ed., HGP.RL)
တရားရုံးချုပ်ရှေ့နေ၊ စဉ်– ၃၃၇၄

